# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၉၉)၊ ၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၁၁ ရက် ၊ ၂၅-၆-၂၀၂၆၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

MSMEs လုပ်ငန်းများက ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးနိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းအလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးနိုင်ပြီး ရွှေ့ပြောင်းလုပ်သားပြဿနာများကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်သည်။

## ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E .Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံးဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံ ခရီးစဉ်တွင် နှစ်နိုင်ငံ ချစ်ကြည်ရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်အေးချမ်းရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု တိုးချဲ့သွားရေးအခြေအနေများ၊ အိန္ဒိယနိုင်ငံ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမည့် အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှု ကိုသာမက အာဆီယံ-အိန္ဒိယ စီးပွားရေးစကြံ့ကို အထောက်အကူပြုသည့် စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံဘဏ်စနစ်များ တိုးတက်ဆောင်ရွက်ရေးအခြေအနေများ၊ နှစ်နိုင်ငံ ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အတူ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

ဝ-ဝ-ဝ-ဝ-ဝ



**လက်ခံတွေ့ဆုံ**

ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း

၁။ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ၂၈-၆-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့)နံနက် (၆:၀၀)အချိန်၌ ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

၂။ အဆိုပါအောင်စာရင်းများကို မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်း ကပ်ထားမည်ဖြစ်ပါသည်။

၃။ အောင်စာရင်းထုတ်ပြန်မည့် ၂၈-၆-၂၀၂၆ ရက်နေ့၊ နံနက် ၄ နာရီတွင် စာစစ်ဌာနအလိုက် အောင်စာရင်းဖိုင်များကို https;// www.myanmarexam.org တွင် လည်းကောင်း၊ ခုံအမှတ်ဖြင့် တိုက်ရိုက်ရှာဖွေကြည့်ရှုနိုင်သော အောင်စာရင်းစနစ်ကို https;// www.result.dme.gov.mm တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားပါသည်။

၄။ စာမေးပွဲအောင်စာရင်းများကို အဆိုပါ Website များမှ ထုတ်ပြန်ကြေညာ ပေးမည့်အပြင် ဝေးလံသော ဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက် အဆက်အသွယ်ကောင်းစွာမရရှိသည့် စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဖုန်းနံပါတ် (၀၁-၆၅၃၅၀၉)သို့ အောင်စာရင်း ထုတ်ပြန်ကြေညာမည့် ၂၈-၆-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့)တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံသည်းထန် နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မန္တလေးမြို့နှင့်အနီး တစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဧလ**

## ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၈၃)အဆန်/အမှတ်(၈၄)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ စတင်ပြေးဆွဲမည်

**နေပြည်တော် ဇွန် ၂၄**

ပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ရန်ကုန်-နေပြည်တော်-ရန်ကုန် ရထားခရီးစဉ်နှင့် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်များအား လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားများဖြင့် ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့်

**စာမျက်နှာ ၅ သို့** ❑



၂၀၂၆ ခုနှစ်၊ ဇွန် ၂၅ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

## လူမှုစီးပွားဘဝတိုးတက်စေရေး သမဝါယမစနစ်ကို မဏ္ဍိုင်ပြုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို တစ်ဦးချင်းဆောင်ရွက်ရာတွင် လိုအပ်သည့် မျိုး၊ သွင်းအားစုများအတွက် ကုန်ကျစရိတ် ပိုမိုကုန်ကျနိုင်ကြောင်း၊ ဒါကြောင့် သမဝါယမစနစ်ဖြင့် တစ်ကွင်းတစ်ဆက်စပ်တည်းရှိသော လယ်ကွင်းများတွင် စုပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စုပေါင်းဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ သွင်းအားစုဓာတ်မြေဩဇာများ အချိန်မီရရှိရေး၊ စိုက်ပျိုးရေရရှိရေးတို့ကို သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးမှာဖြစ်ပြီး တောင်သူများ၏ လိုအပ်ချက်များကိုလည်း ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်း သမဝါယမစနစ်ဖြင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုရာတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စနစ်တကျ လယ်ယာစိုက်ပျိုးရေး စုပေါင်းဆောင်ရွက်မည့် ဝက်တိုးကျေးရွာနှင့် ဥသျှစ်ကုန်းကျေးရွာတို့မှ တောင်သူများအား မျိုးနှင့်သွင်းအားစုများလည်းကောင်း၊ ဝက်တိုးကျေးရွာအပါအဝင် ကျေးရွာလေးရွာအတွက် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း(Smart Village) ထောက်ပံ့ရန်ပုံငွေနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ထောက်ပံ့ရန်ပုံငွေများကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကျေးရွာနေ ပြည်သူများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများ ပူးပေါင်းပါဝင်ပြီး ကိုယ်တိုင်တာဝန်ယူ စီမံဆောင်ရွက်ကြရန်နှင့် ကျေးရွာကော်မတီများမှ ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါက်ခေါင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာသုံးရွာရှိ အိမ်ခြေ ၅၈၉ အိမ်၊ လူဦးရေ ၂၀၀၀ ကျော်နှင့် စိုက်ပျိုးမြေဧက ၁၆၀ ကျော်ကို တိုက်ရိုက်အကျိုးပြုပေးနိုင်မည့် ပေါက်ခေါင်း-ကြိုးကြာဆက်သွယ်ထားသောလမ်းအား လမ်းတာပေါင်ချဲ့ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ကျေးရွာချင်းဆက်လမ်းများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကုန်ထုတ်လုပ်မှုကို များစွာအထောက်အကူပြုခြင်းကြောင့် ကျေးလက်လမ်းတံတားလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်စေရေးအတွက် သမဝါယမစနစ်ကိုမဏ္ဍိုင်ပြုပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ဦးစီးဌာနအချင်းချင်း ပူးပေါင်းချိတ်ဆက်ကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊ ပြည်သူကိုယ်တိုင်စီမံခန့်ခွဲသော စီမံကိန်းများဖြစ်စေရေး စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မျက်စိဝေဒနာရှင်များအတွက် အခမဲ့ခွဲစိတ်ကုသပေးသွားမည်

**မန္တလေး ဇွန် ၂၄**

သဲဖြူဆရာတော်ကြီး ဦးဆောင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှုတို့ဖြင့် မျက်စိလူနာများအား အခမဲ့ခွဲစိပ်ကုသမှုကို ၂၀၂၆ ခုနှစ် ဇွန် ၂၉ ရက်မှ ဇူလိုင် ၃ရက်နေ့ထိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် ကုသပေးသွားမည်ဖြစ်သည်။

Grand Paukan Cruise Hotel ၏ အဋ္ဌမအကြိမ်မြောက် စက္ခုဒါနအလှူတော်ကို သဲဖြူဆရာတော်ဘုရားကြီးအား အမှူးထား၍ (ဦးမောင်ရုံး+ဒေါ်ရင်၊ ဦးရာဝါး+ဒေါ်တင်)၊ (ဦးမျိုး သန့်)၊ (ဦးစိုးမြင့်+ဒေါ်စက်မေ(မြစ်ကြီးနား))တို့အားရည်စူး၍ အလှူဒါယိကာမ ဒေါ်ရန်တီ၊ အလှူ့ဒါယကာ ဦးသန်းဦး+ အလှူဒါယိကာမ ဒေါ်နှင်းကြည်(မိုင်းဖုန်းခရီးသွားလုပ်ငန်း)သား၊ သမီးများဖြစ်ကြသော ကိုပြည့်ဖြိုးနိုင်+မအေးသူဇာသန့်၊ ကိုသိန်းသန်းငွေ+မခိုင်သူဇာသန့်၊ မပွင့်သူဇာသန့်၊ မောင်လင်းသန့်နှင့် မြေးများဖြစ်ကြသော မအေးကံသာနိုင်၊ မနှင်းကံသာနိုင်၊ မနှင်းဧကရီငွေ၊ မောင်လင်းခန့်ငွေ မိသားစုတို့က မန္တလေးမြို့ မျက်စိဝေဒနာရှင်များအတွက် အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ရှာင်မြို့နယ်၌ စံပြကွက်များအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်

**ရှာင် ဇွန် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ မျိုးစေ့ချကိရိယာ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကပြောကြားရာတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးမှာ မျိုး၊ မြေ၊ ရေနည်းဆိုသည့်အတိုင်း မျိုးကောင်း၊ မျိုးသန့် စိုက်ပျိုးပြီး မြေဩဇာကို သတ်မှတ်နှုန်းထားအတိုင်း ထည့်သွင်းဆောင်ရွက်သွားရန်၊ နည်းစနစ်များ မှန်ကန်စွာ စိုက်ပျိုးအသုံးပြုကြရန်စသည်ဖြင့် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးက မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများက တောင်သူများအား ထောက်ပံ့ပစ္စည်းများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(၃၃၈)**

## စွမ်းအင်ဖြည့်တင်းခြင်း၊ တာရော့ကတ်ဖတ်ခြင်းနှင့် ဂဏန်းဗေဒပညာ အခမဲ့သင်တန်း ဖွင့်လှစ်မည်

**မန္တလေး ဇွန် ၂၄**

မန္တလေးမြို့တွင် စွမ်းအင်ဖြည့်တင်းခြင်းပညာ(Energy Infusion)၊ တာရော့ကတ်ဖတ်ခြင်းပညာ (Tarot Reading) နှင့် ဂဏန်းဗေဒပညာ (Numerology) ဘာသာရပ်များကို စိတ်ပါဝင်စားသူများအတွက် အခမဲ့ သင်တန်းတစ်ရပ် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဆရာမ ဇင်လဲ့လဲ့နှင်း ကိုယ်တိုင်သင်ကြားပေးမည်ဖြစ်ပြီး ပညာရပ်သုံးခုကို အခြေခံမှစတင်ကာ ရှေ့ဖြစ်ကံကြမ္မာများကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြန်လည်ဟောကြားနိုင်သည့်အဆင့်အထိ စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းအား ဇွန် ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက် ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး နေ့စဉ် ညနေ ၄ နာရီမှ ၆ နာရီခွဲအထိ သင်ကြားပေးသွားမည်ဖြစ်သည်။

ထို့ပြင် သင်တန်းကြေး ကောက်ခံမည်မဟုတ်ဘဲ စိတ်ပါဝင်စားသူများအနေဖြင့် အခမဲ့ တက်ရောက်လေ့လာနိုင်မည်ဖြစ်ကာ ဗေဒင်နှင့်စွမ်းအင်ဆိုင်ရာ ပညာရပ်များကို လက်တွေ့အသုံးချနိုင်သည့်အထိ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကို မန္တလေးမြို့၊ ၁၁၉လမ်းနှင့် ၅၃ လမ်းထောင့်၊ ညည ၅၃၊ အိမ်အမှတ်(၆၄)တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

## ပျော်ဘွယ်မြို့နယ်၌ ပျားမွေးမြူရေး ပြည်သူအသိပညာပေး သင်တန်းဖွင့်လှစ်

**ပျော်ဘွယ် ဇွန် ၂၄**

စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲမှ ပျော်ဘွယ်မြို့နယ်တွင် ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းကို ဇွန် ၂၃ ရက်၊ မွန်းလွဲ ၁ နာရီခွဲက ရွှေညောင်ဖူးကျေးရွာ၌ ကျင်းပသည်။



သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲတာဝန်ခံ ဦးသိန်းကိုက ဆီထွက်သီးနှံနှင့် အခြားသီးနှံ များအထွက်တိုးစေရန် ဝတ်မှုန်ကူးဝန်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ ပျားများကိုစနစ်တကျ မွေးမြူတက်စေရန်နှင့် ပျားရည်နှင့်ပျားထွက်ပစ္စည်းများကို စနစ်တကျထုတ်လုပ်နိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်တာဝန်ခံ ဦးဇော်မင်းထွန်းက ပျားမွေးမြူရေးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ တာဝန်ရှိသူများက အခမ်းအနားသို့တက်ရောက်လာသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ထွေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများကို ပျားရည်နှင့်ထွက်ကုန်ပစ္စည်းများ၊ ပျားမွေးမြူမှုနည်းစနစ်များအား ရှင်းလင်းပြသခဲ့ကြောင်း၊ အဆိုပါ ပျားမွေးမြူရေးပြည်သူပညာပေးသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ဓဲပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



## ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(အပေါ်ပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မပျက် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအား အိန္ဒိယနိုင်ငံသို့ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ စေလွှတ်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သံတမန်ရေးရာနှင့်ဥပဒေရေးရာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံလွှတ်တော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် အိန္ဒိယသံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။ **သတင်းစဉ်**

## ရွှေဘိုမြို့အနီး အင်အား အနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် ဇွန် ၂၄ - ဇွန် ၂၄ ရက် နံနက် ၁၀ နာရီ ၂၈ မိနစ် ၁၇ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၄၄ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ရွှေဘိုမြို့၏ အရှေ့ဘက်(၈)မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၂ ဒီဂရီ၊ အနက် ၁၄ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၄

ဘယ်လာရုစ်နိုင်ငံ ဘရက်စ်မြို့၌ ကျင်းပပြုလုပ်သည့် 2 International Forum of the Union State " Great Heritage Common Future " ဖိုရမ် တက်ရောက်ရာမှ ပြန်လည်ထွက်ခွာလာသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၄ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ည ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။(အောက်ပုံ)

### ကြိုဆိုနှုတ်ဆက်

လေဆိပ်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

## ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး "ဒီဂျစ်တယ်အခြေပြု မြန်မာ့အေအိုင်ခေတ်ဆီသို့" စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် ဇွန် ၂၄

"ဒီဂျစ်တယ်အခြေပြု မြန်မာ့အေအိုင်ခေတ်ဆီသို့" စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။(ယာပုံ)



ဆွေးနွေးပွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက မြန်မာ့အေအိုင်ခေတ်ဆီသို့ လျှောက်လှမ်းရန်အတွက် ပထမဆုံးအနေနှင့် "AI Localization" ဟုခေါ်သည့် AI ကို မြန်မာမှုပြုရန် လိုပါကြောင်း၊ Developer များ၊ ကုမ္ပဏီများ သာမက အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ ကျောင်းသားများမှစ၍ နေ့စဉ်ဘဝတွင် AI နည်းပညာကို လက်လှမ်းမီစွာ၊ အကျိုးရှိစွာ အသုံးချတတ်လာအောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသားများ၏ Digital Literacy၊ Digital Maturity နှင့် AI Literacy၊ AI Maturity ဖွံ့ဖြိုးလာစေရန် အစိုးရ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တက္ကသိုလ်များ၊ နည်းပညာရှင်များ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မြန်မာ့ AI ခေတ်သည် ရွှေရောင်လွှမ်းလာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် "ဒီဂျစ်တယ်အခြေပြု မြန်မာ့အေအိုင် ခေတ်ဆီသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒေါက်တာ တင်ဖုန်းကျော်က ဆောင်ရွက်၍ ဦးအောင်နိုင်ဦး၊ ဒေါက်တာဆန်းဆုဆုရည်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဒေါ်ခင်အေးဝင်း၊ ဒေါက်တာဇော်လင်းတို့က ပါဝင်ဆွေးနွေးခြင်း၊ တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် ကျောင်းသားကျောင်းသူများက သိရှိလိုသည့် အချက်အလက်များအား မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ပြီး ဆွေးနွေးသည့် အချက်များအပေါ်တွင် ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထီးချိုင့်မြို့အနီး ရင်ခွဲတောင်ကားလမ်းယာယီပြုပြင်ပြီးစီး

မန္တလေး မြစ်ကြီးနားမြို့သို့ ကုန်စည်စီးဆင်းရာ အချက်အချာကျလှသော ကသာခရိုင် ထီးချိုင့်မြို့နယ်အနီးရှိ ရင်ခွဲတောင်ကားလမ်း မော်တော်ယာဉ်သွားလာရာ ခက်ခဲနေမှုကို ကသာမြို့နယ်ဆောက်လုပ်ရေးနှင့် လမ်းတံတားပြုပြင်ထိန်းသိမ်းရေးဌာနမှ လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းကာ ယာယီသွားလာမှုအဆင်ပြေစေရန် ဇွန်လ ၁၇ ရက်ခန့်တွင် ပြုပြင်ပြီးစီးသည်။

"တောင်ကျရေ စီးဆင်းမှုကြောင့်အနက် (၆)ပေခန့် ကျွံဝင်ပျက်စီးသွားခဲ့ပါတယ်။ မိုးများလာပါက ထွန်စက်နဲ့ဆွဲကြရာတယ်။ စက်ယန္တရားနဲ့ လမ်းကြံ့ခိုင်မှုကောင်းစေရန် တကောင်းလမ်းအနီးရှိ တောင်ပေါ်မှ ကျောက်များကိုသယ်ယူကာ ပေ ၄၀ မှ ပေ ၆၀ ကျယ်ဝန်းစွာ တိုးချဲ့လမ်းခင်းခြင်းပြုလုပ်ထားခဲ့ရပါတယ်။ ပိုမိုစိတ်ချရစေရန် သုံးလွှာခင်းကတ္တရားလမ်း၊ ကွန်ကရစ် လမ်းခင်းခြင်းအပေါ် ကတ္တရာခင်းခြင်း ပြုလုပ်ပါက မိုးရာသီကာလနွေ၊ မိုး၊ ဆောင်း သွားလာနိုင်သော လမ်းဖြစ်လာနိုင်" ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်စပ်သူတစ်ဦးကပြောပြသည်။ အဆိုပါကားလမ်းကို တပ်မတော်မှ နယ်မြေစိုးမိုးရယူပြီး ခရီးသွားများအဆင်ပြေစေရန် ထီးချိုင့်-ကသာဆက်သွယ်ထားသော လမ်းဖြစ်သည်။ ခရီးသွားများ မော်တော်ယာဉ်ဇက်ဖြတ်ကူးရခြင်းကင်းဝေးပြီး လိုရာခရီးကို အချိန်တိုအတွင်း သွားနိုင်သော ဧရာဝတီမြစ်ကိုအမှီပြု၍ ကမ်းနံဘေးရှိ ကျေးရွာများမှ နေ့ချင်း ပေါက်လိုရာခရီးကို သွားနိုင်သည့်လမ်း ဖြစ်ကြောင်း သိရသည်။

(၄၅၇)



## မှိုစိုက်ပျိုးရေးသင်တန်းဖွင့်လှစ်

**နွားထိုးကြီး ဇွန် ၂၄**

နွားထိုးကြီးမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ဇွန် ၂၃ ရက် နံနက် ၁ နာရီတွင် မှိုစိုက်ပျိုးရေးသင်တန်းဖွင့်လှစ်ခဲ့ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ထားနွယ်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်ဝတ်မှုံသိန်းက မှိုစိုက်ပျိုးနည်း နည်းပညာများကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဦးစိုးမင်းနိုင်က မှိုစိုက်ပျိုးနည်း လက်တွေ့ပြုလုပ်ရခြင်း ကုန်ကျစရိတ်နှင့် အကျိုးအမြတ်အကြောင်းကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးသည်။ တက်ရောက်လာသည့် သင်တန်းသားများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအတွင်း စိုက်ပျိုးထားသည့် မှိုစိုက်ပျိုးပေါင်ကို လက်တွေ့ကြည့်ရှုခဲ့သည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၂၂ ဦး တက်ရောက်ပြီး နေ့လယ် ၁၂ နာရီတွင် သင်တန်းပြီးစီးကြောင်း သိရသည်။

**ဦးတင့်လွင်ဦး**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း မြိတ်တပ်နယ်နှင့် ကျွန်းစုမြို့နယ်မြေခံတပ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြား၊ တပ်ရင်း/တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေး



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း မြိတ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၂၄

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မြိတ်တပ်နယ်နှင့် ကျွန်းစုမြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သီးခြားစီသွားရောက်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

### တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိ

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အမှာစကားပြောကြားရာတွင် ကြည်း၊ ရေ၊ လေ၊ လက်ရုံးတပ်ဖွဲ့အသီးသီးရှိတပ်မတော်သားအားလုံးသည် ညီရင်းအစ်ကိုသဖွယ် စိတ်ဓာတ်များဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပေါ်လာသည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် တပ်မတော်က နိုင်ငံတော်၏တာဝန်အရပ်ရပ်အား စတင်တာဝန်ယူထမ်းဆောင်ချိန်တွင် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့်မဖြေရှင်းဘဲ လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် ဆောင်ရွက်လာသည့်အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ပြည်သူလူထုများနှင့် အတူတကွပူးပေါင်း၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ဒီဇင်ဘာလနှင့် ၂၀၂၆ ဇန်နဝါရီလများတွင် ကျင်းပခဲ့သော လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတစ်ဆင့် နိုင်ငံအဝန်းပြည်သူလူထုက မိမိတို့သဘောဆန္ဒအလျောက် ဆန္ဒမဲများပေးကြကာ ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်အစိုးရသစ်တစ်ရပ် ပေါ်ထွန်းခဲ့ကြောင်း၊ ယခုအခါတွင် အစိုးရသစ်၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တပ်မတော်သားများအားလုံးက ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြခြင်း ဖြစ်ကြောင်း။

### မိမိတို့၏လုပ်ငန်းတာဝန်ကို ဂုဏ်ယူကြရမည်

တပ်မတော်သားများသည် သစ္စာ(၄) ချက်ကို နေ့စဉ်ရွတ်ဆိုနေရသည်နှင့်အညီ သစ္စာ (၄)ချက်ပါအချက်များအတိုင်း ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ တပ်မတော်သားများအနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေကြသူများပီပီ မိမိတို့၏လုပ်ငန်းတာဝန်ကို ဂုဏ်ယူကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်မှာ တပ်မတော်တွင် တာဝန်ရှိကြောင်း၊ ထိုကဲ့သို့တာဝန်ထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်သားအရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံးအနေဖြင့် မိမိတို့တစ်ဦးချင်း၏စွမ်းရည်များ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ တစ်ဦးချင်းမှ အဖွဲ့အစည်း၏ စွမ်းရည်လည်း တိုးတက်လာမည်ဖြစ်ပြီး ပေးအပ်သည့် အမိန့်နှင့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

ထိုသို့စွမ်းရည်ထက်မြက် မြင့်မားနေစေရေးအတွက် သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အလိုက် ကြိုးစားလေ့လာ နေရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဘာသာရပ်များကို Professional ကျကျ လေ့လာ၍ လက်တွေ့အသုံးချနိုင်အောင် အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေကြရန်လည်းလိုကြောင်း၊ စစ်အသုံးအဆောင်ပစ္စည်းများနှင့် စစ်နည်းဗျူဟာများသည် ခေတ်နှင့်အညီ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်လျက်ရှိသဖြင့် စစ်အသုံးအဆောင်ပစ္စည်းများနှင့် စစ်လက်နက်၏ စွမ်းပကားများကို အမြဲလေ့လာနေရန်လိုပြီး အကျိုးရှိစွာ အသုံးချတတ်ရန်လိုကြောင်း၊ သို့မှသာ စွမ်းရည်ထက်မြက်ပြီး နိုင်ငံတော်မှအားထားရသည့်၊ ပြည်သူလူထုက အားကိုးယုံကြည်ရသည့် တပ်မတော်ဖြစ်မည်ဖြစ်ကြောင်း။

### အောင်မြင်အောင်ထမ်းဆောင်

အဖွဲ့အစည်းတစ်ခုကို ဦးစီးရသည့် ဦးစီးခေါင်းဆောင်ဖြစ်သူသည် အရေးကြီးကြောင်း၊ တပ်မှူးများအနေဖြင့်လည်း တစ်ဦးချင်းစွမ်းရည်ကောင်းမွန်သည့် အရာရှိစစ်သည်များကို ကောင်းမွန်မှန်ကန်သည့် ခေါင်းဆောင်မှုဖြင့် လုပ်ဆောင်မှသာ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ထမ်းဆောင်နိုင်သည့်တပ်ဖြစ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တပ်မှူးများအနေဖြင့် မှန်ကန်ကောင်းမွန်သည့် ခေါင်းဆောင်မှုပေးရန် လိုအပ်သည်ကို အလေးထားမှာကြားလိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်အင်အားလျော့နည်းစေရန်အတွက် ပြည်ပဩဇာခံ ကိုယ်ကျိုးရှာအဖွဲ့အစည်းများအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်လျက်ရှိသော်လည်း တပ်မတော်သားများအနေဖြင့် မိမိတို့တာဝန်ကျရာဒေသအသီးသီးတွင် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာ၍ စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုကြောင်း၊ ကိုယ်ကျိုးရှာ မသမာသူများအနေဖြင့် နိုင်ငံတော်၏ မြေပေါ်မြေအောက် သယံဇာတများကို တရားမဝင်တူးဖော်ရောင်းချရန် ကြိုးစားနေသည့်အချိန်တွင် တပ်မတော်မှ ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ရန်လိုကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းကဲ့သို့ မဟာဗျူဟာမြောက် စီမံကိန်းများနှင့် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် ရေး-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်းကြောင်းအား ပြည်သူလူထုမှ စိတ်အေးချမ်းသာစွာ သွားလာနေသည်ကို နှောင့်ယှက်ဖျက်ဆီးလာသည့် အကြမ်းဖက်အဖွဲ့အစည်း မှန်သမျှကိုလည်း ထိထိရောက်ရောက် ချေမှုန်းရှင်းလင်းရန်လိုကြောင်း။

ထို့ပြင် တစ်မျိုးသားလုံးကို လူညွှန့်တုံးစေသည့် မူးယစ်ဆေးဝါးများကို နည်းလမ်းအမျိုးမျိုး၊ လမ်းကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ခိုးထုတ်သယ်ယူကာ နယ်စပ်ဒေသများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ရောင်းချနေခြင်းနှင့် တရားမဝင်အွန်လိုင်းလောင်းကစားများပြုလုပ်ခြင်းများကိုလည်း တပ်မတော်အနေဖြင့် ထိထိရောက်ရောက် တားဆီးကာကွယ်နှိမ်နင်းလျက်ရှိကြောင်း၊ ပါဝင်ပတ်သက်သူများကိုလည်း ထောက်ထားငဲ့ညှာခြင်းမရှိဘဲ နိုင်ငံတော်မှ ချမှတ်ထားသည့် ဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များနှင့် ကုန်သွယ်ရောင်းချမှုများသည် နိုင်ငံတော်၏ဘဏ္ဍာများ၊ အခွန်အခများ များစွာထိခိုက်ဆုံးရှုံး နစ်နာစေသည့်အတွက် တပ်မတော်အနေဖြင့် အဆိုပါလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးကာကွယ်ဆောင်ရွက်လျက်ရှိကြောင်း။

### ပညာရည်မြင့်မားရေးကို အလေးပေး

တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များအတွက် စားသောက်နေထိုင်မှုများ အဆင်ပြေချောမွေ့စေရန် အစဉ်အမြဲဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တပ်မတော်သားမိသားစုဝင်များအနေဖြင့်လည်း မိမိတို့၏ဝင်ငွေနှင့် ထွက်ငွေ မျှတအောင်သုံးစွဲကြရန်လိုပြီး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် အစားအသောက်အနေအထိုင်များကို ပြုမူဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရည်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိသောကြောင့် တပ်မတော်သားမိသားစုဝင်များအနေဖြင့် မိမိတို့၏ သား သမီးများ၏ ပညာရည်မြင့်မားရေးကို အလေးပေး၍ ကြိုးစားဆောင်ရွက်အားပေးနေကြရန်လိုကြောင်း၊ မိမိတို့၏ သားသမီးများကို မိမိတို့ထက် သာလွန်ကောင်းမွန်သော ပညာတတ်မျိုးဆက်များဖြစ်အောင် တိုက်တွန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

စည်းရုံးရေးနှင့်ပတ်သက်၍ တပ်တွင်း/တပ်ပြင် စည်းရုံးရေးကို ခိုင်မာအောင်ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များအနေဖြင့် လူအမျိုးမျိုး၊ စိတ်အမျိုးမျိုးရှိသည့်အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရန်အရေးကြီးကြောင်း၊ မိမိတို့သည် စစ်မြေပြင်တွင် အသက်ပေးကာကွယ်စောင့်ရှောက်ကြသူများဖြစ်သည့်အတွက် အထက်အောက်ရှိသေလေးစားစွာ နေထိုင်ဆက်ဆံကြရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်ပိုင်းအနေဖြင့်လည်း မိမိဦးစီးဦးဆောင်ပြုရသည့် အဖွဲ့အစည်းကို အမြဲစည်းလုံးညီညွတ်မှုရှိနေအောင် ညီညွတ်မျှတစွာ အုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် အချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်၍ ကျရာတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြစေလိုကြောင်း။

အုပ်ချုပ်ရေးပိုင်းအနေဖြင့် တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ဒေါက်တိုင် ၃ ရပ် ကောင်းမွန်စွာလည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလိုက်နာ၍ ဦး၊ ရေး၊ ထောက်လုပ်ငန်းများကို ဟန်ချက်ညီ ထိန်းကျောင်းသွားရန်လိုကြောင်း၊ ပုံမှန်ဆောင်ရွက်ရသော လုပ်ငန်းစဉ်ဖြစ်၍ တာဝန်ရှိသူများက စိတ်ဝင်တစားဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

တစ်ဦးချင်း၏ တိုက်ပွဲဝင်စိတ်ဓာတ်များကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် သင်ယူထားသော စစ်ပညာများကို ကြံရည်ဖန်ရည်ဖြင့် အသုံးချရန်လိုအပ်ပြီး စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏တိုက်ပွဲစွမ်းရည်ကို မြင့်တင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

### ချီးမြှင့်ငွေများပေးအပ်

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တိုင်းမှူးနှင့် တပ်နယ်မှတာဝန်ရှိသူများက လက်ခံရယူကြသည်။ အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးက တပ်နယ်အသီးသီးရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်အလိုက် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် ဒုတိယတပ်တော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် ကျွန်းစုတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းနှင့် နယ်မြေခံရေတပ်စခန်းဌာနချုပ်တို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ကျွန်းစုမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ တက်ရောက်လျက်ရှိသည့် သင်တန်းသားများနှင့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မိမိနိုင်ငံနှင့် မိမိတို့မိသားစုများကို ကာကွယ်စောင့်ရှောက်ရန် ယခုကဲ့သို့ သင်တန်းတက်ရောက်ရသည့်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများနှင့် နည်းပြဆရာများ၏ စေတနာပါပါဖြင့် သင်ကြားပို့ချမှုများကို ကျွမ်းကျင်ပိုင်နိုင်သည်အထိ သေချာစွာ ဆည်းပူးသင်ယူကြရန်လိုကြောင်း၊ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးရှိအောင် ထမ်းဆောင်ကြရန်လိုကြောင်း ပြောကြားသည်။

### ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး

စာမျက်နှာ ၅ သို့

*စာမျက်နှာ ၄ မှ*

ပြည်သူ့စစ်မှုထမ်းသင်တန်းသား အိပ်ဆောင်များ၊ စားရိပ်သာများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**သိရှိလိုသည်များမေးမြန်း**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် ကျွန်းစုမြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ MARINE BIO-LOGICAL MUSEUM နှင့် LIBRARY တို့၌ ခင်းကျင်းပြသထားမှုများကိုလည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးခြံများတွင် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ ဥစားကြက်မွေးမြူထားရှိမှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များ မေးမြန်းကာ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်နှင့် မြိတ်တပ်နယ်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များတွင် ဆောင်ရွက်ထားရှိသော ဥစားဘဲမွေးမြူရေးနှင့် ဘဲသားဖောက်လုပ်ငန်း၊ DYL ဝက်မွေးမြူရေးခြံ၊ ငွေနှင်းမှို စိုက်ပျိုးရေးခြံနှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များ မေးမြန်းကာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မြိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ ပါရဂူများ၊ ဆေးမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့၊ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ၏ဇနီး ဒေါ်နန်းကူးကူးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❏ *ရွှေဖုံးမှ*

ရန်ကုန်-မော်လမြိုင်လမ်းပိုင်းအတွင်း အမှတ်(၈၃)အဆန် ရန်ကုန်-မော်လမြိုင်ခရီးစဉ်နှင့် အမှတ်(၈၄) အစုန် မော်လမြိုင်-ရန်ကုန်ရထားခရီးစဉ်များကို လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ အသုံးပြု၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၈၃)အဆန် | ရန်ကုန် | မော်လမြိုင် | ၀၅:၀၀ | ၁၁:၀၀ | (၆)နာရီ |
| ၂ | အမှတ်(၈၄)အစုန် | မော်လမြိုင် | ရန်ကုန် | ၁၂:၀၀ | ၁၈:၀၀ | (၆)နာရီ |

အထက်ပါ စတင်ပြေးဆွဲမည့် အမှတ်(၈၃)အဆန်/အမှတ်(၈၄) အစုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းတစ်ဆိုင်းတွင် အထက်တန်း နှစ်တွဲ၊ ပထမတန်း လေးတွဲပါရှိပြီး အထက်တန်းတွင် ၇၂ ဦးနှင့် ပထမတန်းတွင် ၂၄၀ စုစုပေါင်း ၃၁၂ ဦး စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ ခရီးစဉ်အစအဆုံး အထက်တန်းအတွက် ငွေကျပ် ၂၂၀၀၀ နှင့် ပထမတန်းအတွက် ငွေကျပ် ၁၆၀၀၀ တို့ဖြစ်သည်။ အဆိုပါရထားသည် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ သိမ်ဇရပ်၊ ကျိုက်ထို၊ သထုံ၊ ပေါင်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ပြီး ခရီးစဉ်အစအဆုံး ပြေးဆွဲချိန် ၆ နာရီသာကြာမြင့်မည်ဖြစ်ရာ နေ့ချင်းပြန်သွားရောက်နိုင်မည်ဖြစ်သည်။

ထို့အတူ ရန်ကုန် – မော်လမြိုင်ရထားလမ်းပိုင်းတွင်ပြေးဆွဲလျက်ရှိသော အမှတ်(၈၁) အဆန်/ အမှတ်(၈၂)အစုန် လူစီးအမြန်ရထားနှင့် ယခုပြေးဆွဲမည့် အမှတ်(၈၃)အဆန်/အမှတ် (၈၄) အစုန် ခေတ်မီ DEMU လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များကို Online Railways Tacketing and Payment System (ORTP) စနစ်ဖြင့် လက်မှတ်များဝယ်ယူနိုင်မည်ဖြစ်ပြီး ခရီးစဉ်အစအဆုံးအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက်ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## ကမ္ဘာ့ MSME နေ့ (World MSME Day) ကျင်းပမည်

နေပြည်တော် ဇွန် ၂၄

**ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင်ဖန်တီးခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့၌ အဓိကမောင်းနှင်အားဖြစ်သော MSME များ၏ အရေးပါမှုကို အသိအမှတ်ပြုရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ဇွန် ၂၇ ရက်ကို "ကမ္ဘာ့ MSME နေ့" အဖြစ် ၂၀၁၇ ခုနှစ်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့ကြသည်။**

ယခုနှစ် ဇွန် ၂၇ ရက်တွင် ကျရောက်မည့် (၁၀) ကြိမ်မြောက် အခမ်းအနား "The Future Generation of MSMEs" (အနာဂတ်မျိုးဆက်သစ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) ဆိုသည်မှာ နည်းပညာတစ်ဟုန်ထိုး တိုးတက်လာသည့်ခေတ်တွင် ရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသော စီးပွားရေးပုံစံသစ်သို့ ကူးပြောင်းခြင်းဖြစ်ပြီး လက်ရှိနည်းပညာနှင့် ဉာဏ်ရည်တု (AI) ခေတ်အတွင်း မျိုးဆက်သစ် စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို အဓိကဦးတည်ထားရှိသည်။

စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် "ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနား" ကို

(က) MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ကောင်းမွန်စွာ ဖန်တီးပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေစေရန်၊

(ခ) လူငယ်များနှင့် လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုကို ဖော်ထုတ်ပေးနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်ချဲ့ထွင်မှုကို အသေးစားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာ ဈေးကွက်များအထိ တိုးတက်ကြီးထွားလာစေရန်၊

(ဂ) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်တည်တံ့နိုင်သော စီးပွားရေး အလေ့အကျင့်ကောင်းများနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ကမ္ဘာ့လုပ်ငန်းရှင်များအကြား ပျံ့နှံ့သွားစေရန်၊

(ဃ) ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs) အောင်မြင်စေရန်အတွက် MSME လုပ်ငန်းများ၏ အရေးပါပုံကို ပြည်သူတစ်ရပ်လုံး ပိုမိုသိရှိနားလည်လာစေရန်

ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနားကို ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC – 1) ၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ MSME အေဂျင်စီများ၏ MSME ဖွံ့ဖြိုးရေးဆိုင်ရာ ပြခန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အသိပညာပေးဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ရာ ပြည်သူများပါဝင်ဆင်နွှဲနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

---

## မိုးကောင်းမြို့နှင့် ဟုမ္မလင်းမြို့နယ်အတွင်း ရေကြီးမှု သတိပေးချက်

နေပြည်တော် ဇွန် ၂၄

ယနေ့နံနက် ၀၆:၃၀ အချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်ကျဆင်းနိုင်ကာ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်ကျဆင်းနိုင်ကာ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယနေ့မွန်းလွဲ ၁၂:၃၀ အချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

---

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

---

**၂၄-၆-၂၀၂၆ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅၀ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

---

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

---

## ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်နေမှုများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စဉ့်ကိုင် ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အရေးမဆို-ထန်းတောကျေးရွာချင်းချိတ်ဆက်လမ်း မြေသားတာပေါင်တင်၍ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများအား ဇွန် ၂၃ ရက် နံနက်ပိုင်းက ကျောက်ဆည် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ခင်မျိုးမျိုးလတ်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်တာဝန်ခံနှင့် အဖွဲ့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ အရေးမဆို- ထန်းတောကျေးရွာချင်းချိတ်ဆက်လမ်း အရှည် ၁၃၂၀ ပေ၊ အကျယ် ၁၆ ပေ၊ ထု ၄ လက်မရှိ မြေသားတာပေါင်တင်၍ ကျောက်ရောမြေလမ်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းပြီးစီးပါက အဆိုပါ ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဈေး သွား၊ ဈေးလာသူများ၏ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး လူနေမှုဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။ **(အောက်ပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**



# မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာ့ချိတ်ယဉ်အလှဆင် မြင်သူရှုမဝ မန်းသူအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ အခမ်းအနားကျင်းပ






**မန္တလေး ဇွန် ၂၄**

၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာ့ချိတ်ယဉ်အလှဆင်မြင်သူရှုမဝမန်းသူအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မမ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်တို့မှအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဝင်များက အင်အားသစ်နှင့်အတူ ဂုဏ်ပြုတေးသီချင်းအား သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီးနောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုဝင်းက အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့က မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်သည့် ဂုဏ်ပြုငွေကျပ်သိန်း ၁၀၀ ကို လက်ခံခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ် အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များက တေးသီချင်းယိမ်းအကအလှတို့ဖြင့် ဂုဏ်ပြုတင်ဆက်မှုများ၊ မန္တလေးပညာရေးဒီဂရီကောလိပ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် ဆရာမများနှင့် ကျောင်းသူများက မြန်မာ့ချိတ်ယဉ်အလှဆင် မြင်သူရှုမဝမန်းသူအလှခေတ်(၅)ခေတ်၏ ဝတ်စားဆင်ယင်မှုတို့ဖြင့် ဂုဏ်ပြုတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့က အခမ်းအနားတွင်ပံ့ပိုးကူညီခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် တေးသီချင်းယိမ်းအကအလှတို့ဖြင့် ဂုဏ်ပြုတင်ဆက်ခဲ့ကြသည့်အဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

ဝ-ဝ-ဝ-ဝ-ဝ

# လေ့လာရေးအစီအစဉ် အတွေ့အကြုံများ ပြန်လည်မျှဝေ၊ လူရည်ချွန်ကျောင်းသူများနှင့် တက္ကသိုလ်ပညာသင်ဆုရရှိသူများကို ဂုဏ်ပြု

**မန္တလေး ဇွန် ၂၄**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့နှင့် ကျင်းဟွာမြို့၊ ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်တို့တွင် ကျင်းပသည့် လေ့လာရေးအစီစဉ်များတွင် လိုက်ပါခဲ့ကြသူများက အတွေ့အကြုံများ ပြန်လည်မျှဝေ ပြောကြားခြင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန် ကျောင်းသူများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ် ပညာသင်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်သီရိရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က အဖွင့်အမှာစကားပြောကြားပြီးနောက် သင်တန်းရေးရာဌာနမှူး ဒေါ်အေးအေးသန်းက လူရည်ချွန်ရွေးချယ်ခဲ့ပုံအဆင့်ဆင့်နှင့် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။



ငင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့နှင့် ကျင်းဟွာမြို့တို့တွင် ၂၀၂၆ ခုနှစ် မေ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသော မြန်မာနိုင်ငံတက္ကသိုလ်များနှင့်အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ လေ့လာရေး အစီအစဉ်တွင် လိုက်ပါခဲ့သည့် ပြင်သစ်ဘာသာဌာနမှ ကထိက ဒေါ်အေးမြသန္တာထွန်း၊ ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်တွင် ၂၀၂၆ ခုနှစ် မေ ၁၀ ရက်မှ ၃၁ ရက်အထိ ကျင်းပသည့် ထိုင်းဘာသာစကားနှင့် အနုပညာလေ့ကျင့်ရေးအစီအစဉ်တွင် လိုက်ပါခဲ့သည့် ထိုင်းဘာသာဌာနမှ တွဲဖက်ပါမောက္ခ(ဌာနမှူး) ဒေါ်အေးအေးကျင်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ထိုင်းဘာသာအထူးပြုကျောင်းသား၊ ကျောင်းသူ ၂၉ ဦးမှ ကျောင်းသား၊ ကျောင်းသူခြောက်ဦးတို့က သွားရောက်ခဲ့သည့် အတွေ့အကြုံများကို ပြန်လည်မျှဝေပြောကြားခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်ရွေးချယ်ခြင်းခံရသည့် စီးပွားရေးလုပ်ငန်းသုံးအင်္ဂလိပ်ဘာသာစကားမှ ဒုတိယနှစ်ကျောင်းသူ မဇင်နွေးနွေးဟန်၊ အင်္ဂလိပ်ဘာသာမှ ပထမနှစ်ကျောင်းသူ မသီသီသင်းတို့က လူရည်ချွန်ခရီးစဉ်အတွေ့အကြုံများကို ပြန်လည်မျှဝေပြောကြားခဲ့ကြကြောင်းနှင့် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် သင်တန်းရေးရာဌာနမှူးတို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်ရွေးချယ်ခြင်းခံရသည့် ကျောင်းသူနှစ်ဦး၊ တက္ကသိုလ်ပညာသင်ဆုရရှိသည့် စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်ဘာသာ စကားမှ ပထမနှစ်ကျောင်းသူတစ်ဦးနှင့် ဂျပန်ဘာသာစကားမှ ပထမနှစ်ကျောင်းသူတစ်ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံ

**မန္တလေး ဇွန် ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက (၈)ထပ်ဆောင် မြေညီထပ်တွင် ကျန်းမာရေးဝန်ထမ်းများက လာရောက်ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဌာနအသီးသီးမှ ဝန်ထမ်း ၁၇၃၁ ဦးအား နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဌာနအလိုက် ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဝန်ထမ်းများအား ကိုဗစ်-၁၉ ဂျာမနီနိုင်ငံထုတ် Pfizer ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ချမ်းအေးသာစံမြို့နယ်မှ ဒေါက်တာ သီတာဝင်း၊ သူနာပြုနှင့်ကျန်းမာရေးဝန်ထမ်းများက လာရောက်ထိုးနှံပေးခြင်း ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

ဝ-ဝ-ဝ-ဝ-ဝ

# ကျောက်ဆည်တက္ကသိုလ် (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**စဉ့်ကိုင် ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ ကျောက်ဆည်တက္ကသိုလ် ၂၄ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ပင်မဆောင်ရှေ့၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုက်ကြည်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်နှင့် တာဝန်ရှိသူများ၊ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေနှင့် ဒုတိယပါမောက္ခချုပ်များ၊ ကထိက ဌာနမှူးများ၊ နည်းပြ၊ သရုပ်ပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ဒို့ကျောက်ဆည်တက္ကသိုလ်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကျောက်ဆည်တက္ကသိုလ် (၂၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ဘာသာရပ်ဈေးရောင်းပွဲတော်အား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရပြီး နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဇွန် ၂၅ ရက်တွင် စပေါင်းသွေးလှူဒါန်းပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကိုလည်းကောင်း၊ ဇွန် ၂၆ ရက်တွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုလည်းကောင်း၊ ဇွန် ၂၇ ရက်တွင် အန္တရာယ်ကင်း ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို လည်းကောင်း အသီးသီးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




**ကျော်စွာ(စဉ့်ကိုင်)**

၀-၀-၀-၀

၀-၀-၀-၀-၀

# နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူခြင်း လုပ်ငန်းများနေ့ချင်းပြီး ဆောင်ရွက်ပေး



**ပုသိမ်ကြီး ဇွန် ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် လမင်းစီမံချက်ဖြင့် ကျောက်မီး အ·ထ·က ကျောင်း၌ ယနေ့နံနက် ၁၀ နာရီက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆောင်ရွက်ရာသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ရီနှင့် ဝန်ထမ်းများ၊ အထက ကျောက်မီးကျောင်းအုပ်ကြီး ဦးမောင်မောင်နှင့် ဆရာ၊ ဆရာမများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်၍ ကျောင်းသား၊ ကျောင်းသူ (၈၃) ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စာနည်းကိုကို(ပြန်/ဆက်)**

# မှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**စဉ့်ကူး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ မှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်း ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ မှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိတ်ဝင်စားသူ ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီး ဒေါ်ခင်ဌေးမြင့်က မှိုစိုက်ပျိုးရာတွင် လိုက်နာရမည့်ဆောင်ရန် ရှောင်ရန်အချက်များနှင့် သိုလှောင်သိမ်းဆည်း ထားသိုနည်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သရုပ်ပြပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးမိုးကျော်က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**တင်စာလွင်(ပြန်/ဆက်)**



# တံခွန်စိုက်ဆုဖလားရရှိသည့် ချန်ပီယံမန္တလေးတိုင်းဒေသကြီး အမျိုးသားအသင်းနှင့် ဒုတိယဆုရ အမျိုးသမီးအသင်းတို့အား ထပ်ဆင့်ဂုဏ်ပြု

**မန္တလေး ဇွန် ၂၄**

၂၀၂၆ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင်အောင်ပွဲရပထမတံခွန်စိုက်ဆုဖလား ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့် ချန်ပီယံ မန္တလေးတိုင်းဒေသကြီးအမျိုးသားအသင်းနှင့် ဒုတိယဆုရအမျိုးသမီးအသင်းတို့အား မန္တလေးတိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီမှ ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ် ၁၄ လမ်းရှိ အောင်သမာဓိ အလုပ်ရုံခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးဦးနေလင်းဦးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ၊ မန်းအောင်ဆွေလင်းဘော်လီဘောကလပ်ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(အောင်သမာဓိစိန်ရွှေရတနာနှင့်ရွှေသန့်စင်လုပ်ငန်း)နှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ အောင်ပွဲရမန်းတိုင်းအသင်းမှ အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းအား/ကာ ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တိုင်းဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းတို့က ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားကြသည်။ ထို့နောက် ပထမဆုရအမျိုးသားအသင်းနှင့် ဒုတိယဆုရအမျိုးသမီးအသင်းတို့မှ အားကစားသမားများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ကြပြီး အသင်းအုပ်ချုပ်သူ ဦးကျော်စိုးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။



**တင်မောင်-မန္တလေး**

၀-၀-၀-၀-၀

# ဆိုလာလမ်းမီးတိုင် တပ်ဆင်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

**မိုင်းယန်း ဇွန် ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက(Smart Village) စီမံကိန်း မိုင်းလွေကျေးရွာအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)က ထောက်ပံ့ပေးသည့် ဆိုလာမီးအိမ်နှင့် ဆက်စပ်ပြီး တပ်ဆင်ဆောင်ရွက်ပြီးစီးသည့်အခြေအနေများကို မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်နှင့် တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

၀-၀-၀-၀-၀



# အီရန်နှင့် ပါကစ္စတန်ကြား ဒေသတွင်းငြိမ်းချမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်



**အစ္စလာမ်မာဘတ် ဇွန် ၂၄**

အီရန်နှင့် ပါကစ္စတန်ကြား ဒေသတွင်းငြိမ်းချမ်းရေး၊ ညှိနှိုင်းဆွေးနွေးရေးနှင့် သံတမန်ရေးရာကိစ္စရပ်များ အပါအဝင် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်က ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အီရန်သမ္မတ မာဆော့ပါဇက်ကီရှန်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်တို့ကြား ဒေသတွင်းတည်ငြိမ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ယခုဆွေးနွေးပွဲသည် အမေရိကန်နှင့် အီရန်ကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။ အီရန်နှင့် ပါကစ္စတန်ကြား ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ ကိစ္စရပ်များ ဖြေရှင်းရာတွင်လက်တွဲကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး ပြဿနာများဖြေရှင်းရာတွင် ညှိနှိုင်းဆွေးနွေးခြင်းနှင့် သံတမန်နည်းလမ်းများဖြင့်သာ ဆောင်ရွက်ရန် နှစ်ဖက်ကြား သဘောတူခဲ့ကြောင်း ရှာဗတ်ရှာရစ်က ပြောကြားသည်။

အီရန်နိုင်ငံက ပါကစ္စတန်အား အိမ်နီးချင်းမိတ်ဆွေနိုင်ငံအဖြစ် ယုံကြည်ခဲ့ခြင်းအပေါ် ကျေးဇူးတင်ရှိကြောင်းနှင့် ဒေသတွင်း ငြိမ်းချမ်းစည်ပင်ဝပြောရေးအတွက် ပါကစ္စတန်နိုင်ငံက အီရန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား – ဆင်ပွား၊ ဘာသာပြန် – စိုးသူရ

## ပြိုင်ဆိုင်မှုပြင်းထန်လာသော တရုတ်မော်တော်ယာဉ်ဈေးကွက်၌ စွမ်းအင်သစ်သုံးမော်တော်ယာဉ်အမှတ်တံဆိပ်များ ဦးဆောင်နေ



**ပေကျင်း ဇွန် ၂၄**

ဂျေဒီပါဝါ၏ လေ့လာမှုအသစ်တစ်ခုအရ တရုတ်နိုင်ငံ၏ ပိုမိုပြိုင်ဆိုင်မှုပြင်းထန်လာသော မော်တော်ယာဉ်ဈေးကွက်သည် ကုန်အမှတ်တံဆိပ်များနှင့် ထုတ်ကုန်များအကြား ပြိုင်ဆိုင်မှုမှတစ်ဆင့် သုံးစွဲသူများ၏ စိတ်ကျေနပ်မှု အတွေ့အကြုံဆိုင်ရာ ပြိုင်ဆိုင်မှုတစ်ခုအဖြစ်သို့ ကူးပြောင်းလာနေပြီး စွမ်းအင်သစ်သုံးမော်တော်ယာဉ်ကုန်အမှတ်တံဆိပ်များသည် ရိုးရာလောင်စာဆီသုံးအင်ဂျင်ထုတ်လုပ်သူများထက် သိသာထင်ရှားစွာ ရှေ့ကဦးဆောင်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၆ ခုနှစ် တရုတ်နိုင်ငံ ဝယ်ယူမှုအတွေ့အကြုံအညွှန်းကိန်းတွင် စွမ်းအင်သစ်သုံးမော်တော်ယာဉ် ကုန်အမှတ်တံဆိပ်များသည် ပျမ်းမျှရမှတ် ၇၉၇ မှတ်ရရှိခဲ့ပြီး လောင်စာဆီသုံးအင်ဂျင် ကုန်အမှတ်တံဆိပ်များထက် ၁၃ မှတ် ပိုမိုသာလွန်ခဲ့သည်။

အဆင့်မြင့်စွမ်းအင်သစ်သုံး မော်တော်ယာဉ် ကုန်အမှတ်တံဆိပ်များသည် အမြင့်ဆုံးရမှတ်အဖြစ် ၈၁၁ မှတ်အထိ ရရှိခဲ့ပြီး ၇၈၈ မှတ်ရရှိသော အဆင့်မြင့်လောင်စာဆီသုံးအင်ဂျင် ကုန်အမှတ်တံဆိပ်များကို ကျော်လွန်သွားသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တရုတ်နိုင်ငံ ဝယ်ယူမှုအတွေ့အကြုံအညွှန်းကိန်းကို ၂၀၂၅ ခုနှစ် ဇွန်လမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း မော်တော်ယာဉ် ဝယ်ယူခဲ့ကြသည့် တရုတ်နိုင်ငံ၏ အဓိကမြို့ကြီး ၈၁ မြို့မှ မော်တော်ယာဉ်ပိုင်ရှင် ၉၀၉၃ ဦး၏ တုံ့ပြန်ဖြေကြားချက်များကို အခြေခံ၍ ပြုစုထားခြင်းဖြစ်ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဒွိုက်ချ်ဘာန်း အိုင်တီစနစ်ပြတ်တောက်မှု ဖြစ်ပွားသဖြင့် ဂျာမဏီနိုင်ငံတစ်ဝန်းရထားပြေးဆွဲမှုခေတ္တရပ်ဆိုင်းခဲ့ရ

**ဘာလင် ဇွန် ၂၄**

ဂျာမနီနိုင်ငံပိုင် ရထားလုပ်ငန်းဖြစ်သော ဒွိုက်ချ်ဘာန်းသည် ယမန်နေ့ညပိုင်းက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အိုင်တီစနစ်ပြတ်တောက်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းရှိ ၎င်း၏ ရထားပြေးဆွဲမှုလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

နိုင်ငံ၏ ဒစ်ဂျစ်တယ်ရထားလမ်း ရေဒီယိုကွန်ရက်တွင် ချို့ယွင်းချက်တစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ရထားအားလုံးကို ဘူတာရုံများတွင် ဆိုင်းငံ့ထားခဲ့ရသဖြင့် ကြီးမားကျယ်ပြန့်သော အနှောင့်အယှက်များကို ဖြစ်ပေါ်စေခဲ့သည်။

ရထားများအားလုံး နှစ်နာရီခွဲကျော်ကြာ လုံးဝရပ်တန့်သွားခဲ့ပြီးနောက် အဆိုပါပြတ်တောက်မှုကို ပြန်လည်ပြင်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

Mon



## အိတ်ချ်ဗိုက်ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်မျိုးကွဲကို ဩစတြေးလျ ပြည်နယ်တစ်ခုတွင် ထပ်မံတွေ့ရှိခဲ့

**ကင်ဘာရာ ဇွန် ၂၄**

အလွန်ကူးစက်မြန်သော အိတ်ချ်ဖိုက်ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်မျိုးကွဲကို ဩစတြေးလျနိုင်ငံ၏ ဒုတိယမြောက် ပြည်နယ်တစ်ခုတွင် ထပ်မံတွေ့ရှိခဲ့သည်ဟု စိုက်ပျိုးရေးဝန်ကြီးက ဇွန် ၂၄ တွင် အတည်ပြုပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဩစတြေးလျနိုင်ငံသည် ကမ္ဘာ့တစ်ဝန်းရှိ အိမ်မွေးကြက်ငှက်များနှင့် တောရိုင်းငှက်များတွင် ပြင်းထန်သောရောဂါဝေဒနာများနှင့် သေဆုံးမှုနှုန်း မြင့်မားခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည့် အဆိုပါဗိုင်းရပ်စ်မျိုးကွဲ ကင်းစင်ရာ တစ်ခုတည်းသော တိုက်ကြီးအဖြစ် နှစ်ပေါင်းများစွာ တည်ရှိခဲ့သည်။

အနောက်ဩစတြေးလျပြည်နယ်တွင်တွေ့ရှိရသည့် ရွှေ့ပြောင်းငှက်များ၌ ထိုဗိုင်းရပ်စ် ကူးစက်ခံရမှုဖြစ်စဉ် နှစ်ခုကို အတည်ပြုနိုင်ခဲ့ပြီးနောက် ယခုအခါ ကီလိုမီတာရာနှင့်ချီဝေးကွာသော တောင်ဩစတြေးလျပြည်နယ်တွင် တတိယမြောက် ကူးစက်မှုတစ်ခုကို ထပ်မံတွေ့ရှိထားကြောင်း သိရသည်။

Mon



STOP AIDS

## အာရှစတော့ဈေးကွက်များ ဦးတည်ချက်ရှာမရဘဲ ရုန်းကန်နေရ ရေနံစိမ်းဈေးနှုန်းများ လေးလအတွင်း အနိမ့်ဆုံးအနီးသို့ ကျဆင်း

**တိုကျို ဇွန် ၂၄**

အတိုးအလျှော့ ကြီးမားနိုင်သည့် ကာလရှည် ဥဏ်ရည်တုတန်ဖိုးဖြတ်မှုများနှင့် အမေရိကန်-အီရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာနိုင်ခြေတို့ကြောင့် မတည်ငြိမ်မှုများ ပြန်လည်ဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာဆန်းစစ်သူများက သတိပေးခဲ့ကြသဖြင့် ဇွန် ၂၄ တွင် အာရှစတော့ဈေးကွက်များသည် ဦးတည်ချက်ရှာမရဘဲ ရုန်းကန်နေရပြီး ရေနံစိမ်းဈေးနှုန်းများမှာလည်း လေးလအတွင်း အနိမ့်ဆုံးအဆင့်အနီးသို့ ဆက်လက်ကျဆင်းနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံပြင်ပ အာရှ-ပစိဖိတ်ဒေသ ရှယ်ယာများဆိုင်ရာ အကျယ်ပြန့်ဆုံး အညွှန်းကိန်းဖြစ်သည့် အမ်အက်စ်စီအိုင်သည် ဈေးနှုန်းများ တက်ရိပ်ကျရိပ်ဖြင့် လှုပ်ခတ်နေပြီးနောက် နောက်ဆုံးတွင် ၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာသည်။

မကြာသေးမီက မတ်လနောက်ပိုင်း တစ်ရက်တာအတွင်း အဆိုးရွားဆုံး ကျဆင်းမှုအဖြစ် ၁၀ ရာခိုင်နှုန်းအထိ ထိုးဆင်းသွားခဲ့သည့် တောင်ကိုရီးယားနိုင်ငံ၏ ကိုစပီအညွှန်းကိန်းသည် ၃ ဒသမ ၅ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာပြီး ဂျပန်နိုင်ငံ၏ နစ်ကေးအညွှန်းကိန်းမှာ ၀ ဒသမ ၄ ရာခိုင်နှုန်းသို့ကျဆင်းသွားကြောင်း သိရသည်။

Mon



# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ တရားမဝင် တရုတ်နိုင်ငံသား လေးဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အလေးထား ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆက်မပြတ် အရှိန်အဟုန်မြှင့်တင် ပြတ်ပြတ်သားသား နှိမ်နင်းတိုက်ဖျက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား လေးဦးအား ဖုန်းမျိုးစုံ ၃၄ လုံး၊ All In One ကွန်ပျူတာ ရှစ်လုံး၊ အင်ဗာတာ တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မူဆယ်မြို့အတွင်းအွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ တရားမဝင် တရုတ်နိုင်ငံသား ၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြပုံ


အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သည့် တရားမဝင် တရုတ်နိုင်ငံသား လေးဦးအား တွေ့မြင်ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းလုပ်ကိုင်သည့် အခန်းနှင့် လုပ်ငန်းသုံးပစ္စည်းများအား တွေ့ရစဉ်။

## နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၂၄**

မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားသူများအား အမှုဖွင့်အရေးယူထားသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကန်သာရပ်ကွက်နေ ဒေါ်နွဲ့နွဲ့ဝင်း(၅၁)နှစ် ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားနေကြောင်း သတင်းအရ မကွေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်နွဲ့နွဲ့ဝင်းဆိုသူအား နေအိမ်အတွင်း၌ နှစ်



လုံးထီ၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် နွဲ့နွဲ့ဝင်းဆိုသူအား မကွေးမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ရွာမတောင်ရပ်ကွက်ရှိ ဘိလိယက်ခုံ၌ နှစ်လုံးထီလောင်းကစားနေကြောင်း သတင်းအရ ကြို့ပင်ကောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဘိလိယက်ခုံ၌ ရွာမတောင်ရပ်ကွက်နေ ဒေါ်ဖူးမြတ်သူဇာ(ခ)ဖူးဖူး(၃၅)နှစ်ဆိုသူအား နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဖူးမြတ်သူဇာ(ခ)ဖူးဖူး ဆိုသူအား ကြို့ပင်ကောက်မြို့မရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မိုင်းယောင်း ဇွန် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယမန်နေ့ နံနက်ပိုင်းက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို အခြေခံပညာကျောင်းများ၌ ဖြန့်ဝေခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်း၊ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့်ဝန်ထမ်းများက မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ ထုတ်ဝေသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် မူးယစ်ဆေးဝါး ဆိုသည်မှာ၊ မူးယစ်ဆေးဝါးအုပ်စုငါးမျိုး၊ ကျောင်းသားလူငယ်များ သိရှိလိုက်နာသင့်သည့် အချက်များ၊ အဆိုးကျော့စက်ဝန်းအဆုံးသတ်ဖို့ အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်စို့ အကြောင်းနှင့် ဝိုင်းဝန်းကာကွယ် မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်အန္တရာယ် ပြည့်ရန်စွယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက်၊ ကမ္ဘာ့ပြဿနာ မူးယစ်ဆေး တစ်ကမ္ဘာလုံးက တိုက်ဖျက်ပေး၊ အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့ စသည့်မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေး ကဗျာ၊ ကာတွန်းနှင့် ဆောင်ပုဒ်များကို ဝေဝေဆာဆာထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နန်းပန်(ပြန်/ဆက်)**

## ကလေးမြို့နယ်တွင် ငွေကျပ်သိန်း ၈၈၀၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် ညနေ ၄ နာရီက သတင်းအရ သက်သေများနှင့်အတူ ကလေးမြို့နယ်၊ အေးသာယာကျေးရွာအနီးတွင် ဒါးလ်ဆွင်းခွါလ်(ခ)ခွါလ်ပီး မောင်းနှင်ပြီး ရဲရင့်အောင် လိုက်ပါလာသည့် NISSAN အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူအလေးချိန် ၂၂ ကီလို (ဒေသကာလတန်ဖိုးငွေကျပ် ၈၈၀၀)၊ မြန်မာငွေကျပ်တစ်သိန်းနှင့်လက်ကိုင်ဖုန်း လေးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ၈ နာရီတွင် အဆိုပါဘိန်းဖြူများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ မလဲင့်ဆွေဗုန်(ခ)ဗွီးသဲအား ကလေးမြို့၊ သဇင်ရပ်ကွက်တွင် မော်တော်ဆိုင်ကယ် တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဒါးလ်ဆွင်းခွါလ်(ခ) ခွါလ်ပီး(၃၄)နှစ်၊ ရဲရင့်အောင်(၂၂)နှစ်နှင့် မလဲင့်ဆွေဗုန်(ခ)ဗွီးသဲ(၄၄)နှစ် ဆိုသူတို့အား ကလေးမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**






တပ်မတော်စစ်ကြောင်းများက ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းပေါ်ရှိ ကျော်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



တပ်မတော်စစ်ကြောင်းများက ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းပေါ်ရှိ ကျော်ကျေးရွာမှ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

◆ စာမျက်နှာ ၂၄ မှ

အားလည်းကောင်း၊ ဇွန် ၆ ရက်တွင် ချောင်းမကျေးရွာနှင့် အောင်မင်္ဂလာ ကျေးရွာတို့အားလည်းကောင်း၊ ဇွန် ၇ ရက်တွင် သစ်ရာပင်လမ်းဆုံအား လည်းကောင်း၊ ဇွန် ၈ ရက်တွင် သစ်ရာပင်ကျေးရွာအားလည်းကောင်း၊ ဇွန် ၉ ရက်တွင် ဝင်းကုန်းကျေးရွာအားလည်းကောင်း၊ ဇွန် ၁၁ ရက်တွင် ညောင်ပင်လယ်ကျေးရွာအားလည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ယာကြီးကျေးရွာအား လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ကွမ်းပင်ရေနှင့် ဇွန် ၁၈ ရက်တွင် လာပို့ကျေးရွာအားလည်းကောင်း၊ ဇွန် ၂၁ ရက်တွင် စစ်လင်းချောင်းကျေးရွာအားလည်းကောင်း၊ ဇွန် ၂၂ ရက်တွင် ထုံးကြီးကျေးရွာအားလည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကာ ယမန်နေ့ ဇွန် ၂၃ ရက်တွင် ကျော်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာရှိ လခရတပ်ဖွဲ့များနှင့် ပူးပေါင်း၍ ကျေးရွာတစ်ဝိုက် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများသည် အဆိုပါလမ်းတစ်လျှောက်၌ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ အလောင်းများ၊ လက်နက်ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့် အခြေပြုစခန်းနေရာများအား သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။ ထို့ပြင် တပ်မတော်စစ်ကြောင်းများအနေဖြင့် လာပို့ကျေးရွာနှင့်ကျော်ကျေးရွာအကြားရှိ လမ်းကြောင်းတစ်လျှောက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားသည့် မိုင်းများအားဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။





ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းပေါ်ရှိ လာပို့ကျေးရွာနှင့် ကျော်ကျေးရွာအကြား၌ အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားသည့် မိုင်းများအား တပ်မတော်စစ်ကြောင်းများက ဖော်ထုတ်ရှင်းလင်းခဲ့မှုကို တွေ့ရစဉ်။

တပ်မတော်အနေဖြင့် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည် ပို့ဆောင်မှုများအတွက် အရေးပါလှသည့် အဆိုပါ ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းအား ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနေထိုင်နိုင်ရေးအတွက် အမြန်ဆုံး အပြည့်အဝ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် နှောင့်ယှက် ဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter- Terrorism Operation)ဖြင့် ဆက်လက်ချေမှုန်းသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

❍ စာမျက်နှာ ၂၄ မှ

ဝင်ရောက်ခွင့်ရရှိခဲ့သည့် Esports ကစားနည်းငါးမျိုးမှာ Honor of Kings (HOK)၊ PUBG Mobile (PUBGM)၊ Mobile Legends: Bang Bang (MLBB)၊ eFootball Mobile ၊ eFootball Console တို့ ဖြစ်သည်။

ဂျပန်နိုင်ငံ အိုက်ချီ-နာဂိုယာမြို့ (Aichi-Nagoya, Japan) ၌ စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပမည့် အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲကြီးတွင် Esports ကစားနည်း ၁၁ မျိုးအတွက် ရွှေ၊ ငွေ၊ ကြေး ၁၁ ခုစီဖြင့် စုစုပေါင်း ဆုတံဆိပ် ၃၃ ခု ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်(MESF)အနေဖြင့် လာမည့် အာရှအားကစားပွဲတော်ကြီးတွင် သမိုင်းဝင်ဆုတံဆိပ်များဆွတ်ခူးနိုင်ရေး ရည်ရွယ်ချက် ဖြင့် ကစားသမားများ၏ နည်းဗျူဟာပိုင်း၊ ကြံ့ခိုင်မှုပိုင်းနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာများကို အမြင့်ဆုံးအဆင့်သို့ ရောက်ရှိအဆင်သင့်ဖြစ်စေရန်အတွက် Intense National Bootcamp/ Camp ကို အမြန်ဆုံး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဖြစ်မှုကျူးလွန်သူ သန်းစိုးအား ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများနှင့် အတူ တွေ့ရစဉ်။

❖ စာမျက်နှာ ၂၄ မှ

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၁၆ ရက် ည ၇ နာရီခွဲတွင် စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ သန်းစိုးအား မှော်ဘီမြို့နယ် ပိန္နဲကုန်းကျေးရွာတွင် စိတ်ကြွဆေးပြား ၂၅၀၀၀၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၁၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွ ဆေးပြား ၁၄ ဒသမ ၂၅ သိန်း ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား အမိက သယ်ဆောင်ခိုင်းသူမှာ မှော်ဘီမြို့နယ် အေးမေတ္တာကျေးရွာနေ ညီညီလွင်(ခ)ကိုညီ(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ၎င်း၏စီမံမှုဖြင့် ဆင်ပေါင်ဝဲမြို့နယ် ငါးရံ့ချောင်းကျေးရွာနေ ဇင်ကိုလတ်(ဖမ်းဆီးရန်ကျန်)နှင့် ညောင်ဦးမြို့နယ် နတ်ပလင်ကျေးရွာနေ မင်းခန့်စိုး(ဖမ်းဆီး ရန်ကျန်)တို့မှ ပြည်မြို့တွင် တစ်ဆင့် လွှဲပြောင်းပေးခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများအား မီးဘေးလုံခြုံရေးစစ်ဆေး

**မန္တလေး ဇွန် ၂၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မီးလောင်မီးလန့်မှုများ မဖြစ်ပွား မပေါ်ပေါက်စေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက စတင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ငါးဦးနှင့် စက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများအား မီးဘေးလုံခြုံရေး စစ်ဆေးခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး စစ်ဆေးရာတွင် စက်ရုံအတွင်း တပ်ဆင်ထားသော မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများအား လိုက်လံကြည့်ရှုစစ်ဆေးခြင်း၊ 191 Report Application ထည့်သွင်းပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး

**တာချီလိတ် ဇွန် ၂၄**

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၀ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့နယ်၊ ဟွေခိုက်ကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၂၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တာချီလိတ်မြို့မှ ဟွေခိုက်ကျေးရွာဘက်သို့ ယန်းကျောက်ကျေးရွာနေ စိုင်းရှန်တစ်(၂၃)နှစ်ဆိုသူ မောင်းနှင်ပြီး ဝမ်ကောင်းမွန်းကျေးရွာနေ အိုက်ရှုန်(၂၂)နှစ်ဆိုသူ လိုက်ပါလာသည့် TOYOTA CROWN မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လားရာတူရှေ့မှ ပါလှုံ(၁)၊ ရန်အောင်မြေရပ်ကွက်နေ ဒေါ်ပြုံးချို(၄၅)နှစ်ဆိုသူ မောင်းနှင်လာသည့် WAVE-110 ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်ပြုံးချို ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် မော်တော်ယာဉ်အား မဆင်မခြင် အရှိန်ပြင်းစွာမောင်းနှင်သူ စိုင်းရှန်တစ် ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(အပေါ်ပုံ) (မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# နိုင်ငံတကာ အားကစား သတင်းများ

## ၂၀၂၆ ကမ္ဘာ့ဖလား(အုပ်စုပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၂၆-၆-၂၀၂၆ နံနက်၀၂း၃၀နာရီ | E | ကူရာကာအို - အိုင်ဗရီကို့စ် |
| ၂၆-၆-၂၀၂၆ နံနက်၀၂း၃၀နာရီ | E | အီကွေဒေါ - ဂျာမနီ |
| ၂၆-၆-၂၀၂၆ နံနက်၀၅း၃၀နာရီ | F | ဂျပန် - ဆွီဒင် |
| ၂၆-၆-၂၀၂၆ နံနက်၀၅း၃၀နာရီ | F | တူနီးရှား - နယ်သာလန် |
| ၂၆-၆-၂၀၂၆ နံနက်၀၈း၃၀နာရီ | D | ပါရာဂွေး - ဩစတြေးလျ |
| ၂၆-၆-၂၀၂၆ နံနက်၀၈း၃၀နာရီ | D | တူရကီ - အမေရိကန် |



## ခရိုအေးရှားအသင်းက ပနားမားအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၂၄**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (L) ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်း ကမ္ဘာ့အဆင့် (၁၁)ရှိ ခရိုအေးရှားအသင်းနှင့် ကမ္ဘာ့အဆင့်(၃၄)ရှိ ပနားမားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခရိုအေးရှားအသင်းက ပနားမားအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ခရိုအေးရှားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၅၄မိနစ်တွင် ဘူဒီမီရ်က သွင်းယူပေးခဲ့သည်။

ခရိုအေးရှားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (L) တတိယ ပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၈ ရက်တွင် ဂါနာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)(NGB)**

## နာဒင်းရီဆန်ကို ဝက်စ်ဟမ်းအမျိုးသမီးအသင်း ခေါ်ယူ



**လန်ဒန် ဇွန် ၂၄**

လာမည့် ဘောလုံးရာသီသစ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် ဝက်စ်ဟမ်းအမျိုးသမီးအသင်းသည် ဖရန့်ဖတ်အမျိုးသမီးအသင်း နောက်ခံကစားသမား နာဒင်းရီဆန်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နာဒင်းရီဆန်သည် ဖရန့်ဖတ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၄၉ ပွဲ ကစားကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအမျိုးသမီးအသင်း ထုတ်ပြန်ချက်တွင် "နာဒင်းရီဆန်ကို ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း နောက်ထပ် ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။

**(အပေါ်ဝဲပုံ)(NGB)**

## တိုနာလီကို ခေါ်ယူရန် စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့ အပြိုင်စိတ်ဝင်စား



**လန်ဒန် ဇွန် ၂၄**

စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် နယူးကာဆယ်အသင်းကွင်းလယ်ကစားသမား တိုနာလီကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၁၀ကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း တိုနာလီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ပေးချေမည့် မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့အနေဖြင့် မည်သည့်အသင်းက နယူးကာဆယ်အသင်းထံမှ တိုနာလီကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)(NGB)**

## 2026 Mallorca Championships တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Miomir Kecmanovic တက်ရောက်



**မာယော့ကာ ဇွန် ၂၄**

စပိန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Mallorca Championships တင်းနစ်ပြိုင်ပွဲ ကွာတား ဖိုင်နယ်အဆင့်သို့ ဆားဘီးယားတင်းနစ်ကစားသမား Miomir Kecmanovic တက်ရောက်ခဲ့သည်။

အဆိုပါ ဆားဘီးယားတင်းနစ်ကစားသမား Miomir Kecmanovic သည် 2026 Mallorca Championships တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမား Lorenzo Sonego အား ၂-၆၊ ၇-၆၊ ၆-၄ ဖြင့် အနိုင်ရရှိ ကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

2026 Mallorca Championships တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဆားဘီးယား တင်းနစ်ကစားသမား Miomir Kecmanovic နှင့် ဟန်ဂေရီ တင်းနစ်ကစားသမား Fabian Marozsan တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## နည်းပြ မာတင်ဒီမီချီလစ်စ်ကို နည်းပြသစ်အဖြစ် လိုက်ပဇစ်အသင်းခန့်အပ်



**မြူးနစ် ဇွန် ၂၄**

လိုက်ပဇစ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ မာတင်ဒီမီချီလစ်စ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**

အဆိုပါ နည်းပြသည် လိုက်ပဇစ်အသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ မာတင်ဒီမီချီလစ်စ်သည် နည်းပြဘဝတစ်လျှောက်တွင် မာယော့ကာ၊ ရေဗားပလိတ်စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လိုက်ပဇစ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၅)နှစ်အရွယ်ရှိ မာတင်ဒီမီချီလစ်စ်က "ကျွန်တော်အခုလို လိုက်ပဇစ်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေရရှိအောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

## ဂျူးလ်စ်ကွန်ဒီ ပြင်သစ်အသင်းကစားသမားဘဝ ပြိုင်ပွဲ ၅၀ပြည့်မြောက်



**ပါရီ ဇွန် ၂၄**

ပြင်သစ်အသင်းနောက်ခံကစားသမား ဂျူးလ်စ်ကွန်ဒီအသင်းကစားသမားဘဝ ပြိုင်ပွဲ ၅၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် ပြင်သစ်အသင်းက အီရတ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

နောက်ခံကစားသမား ဂျူးလ်စ်ကွန်ဒီသည် ပြင်သစ်အသင်းနှင့်အတူ ၂၀၂၁ မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၅၀ အထိ ကစားကာ ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဂျူးလ်စ်ကွန်ဒီက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများစွာရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ)**
**(NGB)**

## ဆီဒရစ်အစ်တန်ကို ဝါဒါဘရီမင်အသင်း ခေါ်ယူ



**လန်ဒန် ဇွန် ၂၄**

ဝါဒါဘရီမင်အသင်းသည် ဒူဆယ်ဒေါ့ဖ်အသင်း တိုက်စစ်မှူး ဆီဒရစ်အစ်တန်ကို ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဝါဒါဘရီမင်အသင်းနှင့်အတူ ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ဆီဒရစ်အစ်တန်သည် ဒူဆယ်ဒေါ့ဖ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၂ ပွဲကစားပြီး ၁၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝါဒါဘရီမင်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝါဒါဘရီမင်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(ဝဲပုံ)(NGB)**

## နည်းပြ ဂတ်တူဆိုကို နည်းပြသစ်အဖြစ် လာဇီယိုအသင်းခန့်အပ်

**တူရင် ဇွန် ၂၄**

စီးရီးအေကလပ် လာဇီယိုအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂတ်တူဆိုကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၄၈)နှစ်အရွယ်ရှိ နည်းပြသည် လာဇီယိုအသင်းနှင့်အတူ ၂နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဂတ်တူဆိုသည် နည်းပြဘဝတစ်လျှောက်တွင် နာပိုလီ၊ အေစီမီလန်၊ ဗလင်စီယာ၊ မာဆေးလ်စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာ ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လာဇီယိုအသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နည်းပြသစ် ဂတ်တူဆိုအနေဖြင့် လာမည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီသစ်တွင် လာဇီယိုအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**



# နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ 'လမင်း' စီမံချက်ဖြင့် အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်များနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ထုတ်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ်၊ ငမင်ကျေးရွာ၊ အထက(ခွဲ)ငမင်၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**



အဆိုပါကျောင်းရှိ အသက် ၁၀ နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသော ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များအား ထုတ်ပေးခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တောင်တွင်းကြီးမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၁၃၉ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များအား နေ့ချင်းပြီး အခမဲ့ထုတ်ပေးခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**



# ၂၀၂၆ ခုနှစ် ပထမအကြိမ်(မိုးရာသီ)သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**ရပ်စောက် ဇွန် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် စိမ်းလန်းစိုပြေရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ၂၀၂၆ ခုနှစ် မိုးရာသီ(ပထမအကြိမ်)သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၇ နာရီက ရပ်စောက်မြို့နယ်၊ ဗထူးတပ်နယ်၊ ဗထူးဂေါက်ကွင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဖေယျာလင်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက စိုက်ပျိုးရန်သစ်ပင်များအား ပေးအပ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် ဗိုလ်မှူးချုပ်ဖေယျာလင်းနှင့် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်၊ ရဲမေများ၊ ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွှန့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများက စိန်ပန်းပြာ၊ ကုက္ကို၊ ပိတောက်၊ မဟော်ဂနီ၊ ခါတော်မီ၊ မျောက်ငို၊ ထင်းရှူး စသည့်သစ်ပင်အမျိုးအစား ၇ မျိုး အပင်စုစုပေါင်း ၈၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(၃၆၈)**

# ချောက်မြို့နယ်၌ တောင်သူအသိပညာပေးဆွေးနွေး

**ချောက် ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ချောက်မြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးရာသီတွင် အထွက်နှုန်းနှင့် နည်းစနစ်ကောင်းများရရှိစေရန်ရည်ရွယ်၍ တောင်သူအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်၉ နာရီက မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံး၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ဝင်းက တောင်သူများသီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် မြေဆီလွှာအသုံးချဆောင်ရွက်မှုများ၊ အထွက်နှုန်းကောင်းမျိုးစေ့၊ မျိုးဆံများအကြောင်း၊ ပိုးသတ်ဆေးစနစ်တကျသုံးသင့်သည့် အချက်အလက်များနှင့်စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းကောင်းတို့အား အသိပညာပေးဆွေးနွေးခဲ့သည်။

အဆိုပါတောင်သူအသိပညာပေးဆွေးနွေးပွဲသို့ ကြို့ပင်အုပ်စုမှ ကြို့ပင်ရွာ၊ ရွာသစ်ရွာတို့မှ တောင်သူ ၅၀ ဦး တက်ရောက်၍ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို မေးမြန်းရာ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



# ပုဂ္ဂလိက ပျားမွေးမြူသူတောင်သူများအား ပျားအုံများ လွှဲပြောင်းထောက်ပံ့ပေးအပ်

**စဉ့်ကိုင် ဇွန် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပျားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲနှင့်ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက ဝမ်းတွင်းမြို့နယ်၊ ဘုရားဖြူကျေးရွာရှိ ပုဂ္ဂလိက ပျားမွေးမြူသူတောင်သူ ဦးနေမင်းထွန်းနှင့် မြစ်သားမြို့နယ် မုန့်ခွာကျေးရွာရှိ တောင်သူဦးကျော်ငြိမ်းတို့နှစ်ဦးအား ပျားအုံများ လွှဲပြောင်းထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ပုဂ္ဂလိက ပျားမွေးမြူသူများအနေဖြင့် ဆီထွက်သီးနှံနေကြာစိုက်ခင်းများတွင် ဝတ်မှုန်ကူးဆောင်ရွက်နိုင်ရန်၊ တစ်ပိုင်တစ်နိုင်ပျားမွေးမြူခြင်းမှ စီးပွားဖြစ်မွေးမြူစေရန်၊ ပုဂ္ဂလိက ပျားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ ပျားရည်ထုတ်လုပ်ရာတွင် ပိုလျှံသော ပျားရည်များကို ထုတ်ယူရန် ပျားရည်ထုတ်စက်နှင့် လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ခဲ့ပြီး ပျားမွေးမြူသူများအနေဖြင့် ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ယခုလို ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**



# အသိပညာပေးဟောပြောပွဲနှင့်နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို) မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြပွဲကို ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ဟောပြောရာတွင် မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ မူးယစ်ဆေးဝါးအုပ်စုငါးမျိုးနှင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ သိရှိလိုက်နာသင့်သည့် အချက်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ သည်။ ထို့နောက် ကျောင်းသား၊ကျောင်းသူများက မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြရာ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ရှင်းလင်းပြသကြသည်။ **(ဝဲပုံ)**

အဆိုပါ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲသို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Grade-10 မှ ကျောင်းသား၊ ကျောင်းသူ ၅၃ ဦးနှင့် ကြီးကြပ်သူ ဆရာမနှစ်ဦး စုစုပေါင်း ၅၅ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၄၅၆)**

## ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**တောင်တွင်းကြီး ဇွန် ၂၄**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ကျောင်းစာကြည့်တိုက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မကွေးခရိုင်၊ တောင်တွင်းကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အ-လ-က(၃)တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "အလှဆုံးပန်းများပွင့် ကြပြီ" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ အားပေးမြှင့်တင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားလူငယ်များ ပညာဗဟုသုတ ပြည့်စုံကြွယ်ဝရေးအတွက် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်နိုင်သည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အနာဂတ်အတွက် အားထားရမည့် သားကောင်းရတနာများအနေဖြင့် ကာယ၊ ဉာဏ၊ မိတ္တ၊ စာရိတ္တနှင့် ဘောဂဆိုသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငယ်စဉ်ကပင် စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာကြရန်လိုအပ်ကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် မူလတန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲများတွင် ပထမဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်သရုပ်ပြသခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့်ပန်းချီပြိုင်ပွဲ၊ မူလတန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။



ထို့နောက် မကွေးတိုင်းဒေသကြီးအစိုးရမှ ပံ့ပိုးသည့်စာအုပ်၊ စာစောင်များအား ကျောင်းစာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အ-လ-က(၃)မှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။ **နောင်နောင်(ဗိုသန်းမြေ)**



## ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**နေပြည်တော် ဇွန် ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက သစ်တပ်ကျေးရွာအုပ်စု၊ ရှားစေးဖိုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ရှားစေးဖိုကျေးရွာ၌ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှားစေးဖိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၂၀၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၁၉၃သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၁၅သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို ဒသမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၇သိန်းကို အတိုးနှုန်းသက်သာစွာ နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) နော်လူး**

## မင်းဘူးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်

**မင်းဘူး ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ မင်းဘူးမြို့ အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက အခြေခံပညာအထက်တန်းကျောင်း (ခွဲ)မြို့မကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့မကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တူးတူးက အဖွင့်အမှာစကားပြောကြားပြီး၊ မင်းဘူးမြို့အမှတ်(၁၈) ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှူးရုံးမှ ဒုရဲအုပ် ရန်နိုင်ထွန်းက ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိစေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်မဖြစ်ပွားစေရေးနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သွားလာနေထိုင်တတ်စေရေးတို့အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ အန္တရာယ်သတိပေးလမ်းညွှန်ချက်များ၊ တားမြစ်ခြင်း၊ ကန့်သတ်ခြင်းလမ်းညွှန်များ၊ အမိန့်ပေးလမ်းညွှန်များ၊ မော်တော်ဆိုင်ကယ် မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ဦးစားပေးယာဉ်များကို အသိပညာပေးဟောပြောပြီး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ် သတိပေးလမ်းညွှန်ချက်များ သရုပ်ပြရှင်းလင်းပြသပေးခဲ့ရာ အ·ထ·က (ခွဲ)မြို့မကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၅၀၄)**



## အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

**ပုသိမ်ကြီး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့်ဝန်ထမ်းများသည် ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲက ရေထွက်ကျေးရွာရှိ အမှတ်(၂၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲများ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ကြသည်။**(အောက်ပုံ)**



ရှေးဦးစွာ ကျောင်းအုပ်ကြီး ဒေါ်မြတ်အိညိုက အဖွင့်အမှာစကားပြောကြားပြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊လူကုန်ကူးမှုအကြောင်း၊ AIနည်းပညာအသုံးပြုမှု၊ကျောင်းသားလူငယ်များ အခြားဗဟုသုတများစွာရရှိမည့် အကြောင်းအရာများကို ဟောပြောခဲ့သည်။ ထို့နောက် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၂၁)အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ Grade -7 နှင့်Grade-8မှ ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။**ရွှေရန်ကင်း**

## မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဇွန် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် မီးသတ်ဦးစီးဌာနသည် ယမန်နေ့က မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းနေလှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဟိုတယ်၊ တည်းခိုခန်းများ၌ အသင့်တပ်ဆင်ထားသော မီးသတ်ဆေးဘူးများ အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိ မီး ဘေးကာကွယ်ရေးပစ္စည်းများ စစ်ဆေးခြင်း၊ လျှပ်စစ်နှင့် အရေးပေါ်လမ်းကြောင်းများ စစ်ဆေးခြင်း၊ ဝန်ထမ်းများအား မီးသတ်ဆေးဘူးလက်တွေ့အသုံးပြုနည်း၊ မီးလောင်မှုဖြစ်ပွားပါက သက်ဆိုင်ရာသို့ သတင်းပို့နိုင်ရေးသင်ကြားလေ့ကျင့်ပေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**စိုင်းအောင်ဇော်လင်း**

၀-၀-၀-၀-၀

# ဂုဏ်တော်ထူးမြတ်သည့် လမြတ်ဝါဆို၊ သံချိုနှုတ်မြွက် ဓမ္မစက်

လမြတ်ဝါဆိုသည် မြန်မာ့ဆယ်နှစ်လရာသီခွင်မှာ စတုတ္ထမြောက်ဖြစ်သည်။ ဝန်းကျင်တစ်ခွင်မှာ မိုးဦးကာလ မိုးဖြိုင်ဖြိုင်ရွာသွန်းချိန်ဖြစ်သည်။ မြန်မာ့ဆိုရိုးစကားအရ 'ဝါဆို ဝါခေါင် ရေဖောင်ဖောင်' ဟု ဆိုကြသည်။ တရကင့်ရာသီမှာ ပြုဗ္ဗာသဠ် နက္ခတ်သည် စန္ဒာလမင်းနှင့် ယှဉ်ပြိုင်ထွန်းလင်းသည်။

လမြတ်ဝါဆိုကို မြန်မာမှုနယ်ပယ်တွင် ထုံးဓလေ့အရ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့က ရိုးရာအစဉ်အလာအရ အထွတ်အမြတ်အလေးထားကြသည်။ လတကာတို့ ထိပ်ခေါင် 'လဦးသျှောင်' ဖြစ်သည်။

ရာသီခွင်မှာ အနောက်တောင်က မုတ်သုံလေ ဝင်ရောက်၍ လယ်ယာမြေတွင် လယ်သမားအင်အားစုက စိုက်ပျိုးရေးဝင်ရောက်ကြသည်။ မြေသားပြုပြင်၍ ထွန်ယက်ကြသည်။ ဆည်မြောင်းတာတမံမှ ရေကိုရယူ၍ မြန်မာပြည်တစ်နံတစ်လျား ရေဖြည့်ကြသည်။ 'မိုးရေတက်ရေက တဖွေးဖွေး' ဖြစ်သည်။

ထေရဝါဒ ဗုဒ္ဓဓမ္မ၏ အရိပ်အာဝါသတွင် မြတ်ဗုဒ္ဓက မွေးမိခင်ကျေးဇူးကို ပေးဆပ်ရန် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူသည်။ တာဝတိံသာနတ်ပြည်သို့ ကြွချီ၍ မယ်တော်နတ်သားအား တရားဦးကို ဝါဆိုလပြည့်နေ့တွင် ဟောကြားကျေးဇူးပေးဆပ်တော်မူသည်။

မဟာလူသား မြတ်ဗုဒ္ဓအလောင်းတော်သည် မယ်တော်သီရိမဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်မှာ ဝါဆိုလပြည့်(ကြာသပတေးနေ့)တွင် သန္ဓေတည်တော်မူသည်။ 'ဝါဆိုလပြည့် ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်' ဟူ၍ လယ်တီဆရာတော်က ခံစားရေးဖွဲ့သည်။

သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ သတိသံဝေဂရတော်မူသည်။ ရွှေအိမ် ရွှေနန်း ရွှေကြငှန်းနှင့် အိမ်ရှေ့မိဖုရား ယသော်ဓရာ ချစ်သား ရာဟုလာကို စွန့်ပစ်တော်မူကာ သံသရာမှ လွတ်မြောက်ရာ တောထွက်တော်မူသည်။

မြတ်ဗုဒ္ဓ မဟာလူသားက တောရိပ်သစ်ပင်ရိပ်ကိုမှီကာ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယ ကျင့်တော်မူသည်။ ဗောဓိညောင်ရွှေပလ္လင်မှာ သုံးလောကထွင့်ထား သဗ္ဗညုမြတ်ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူသည်။

မိဂဒါဝုန်တောမှာ ပဉ္စဝဂ္ဂီငါးဦးတို့အား ဝါဆိုလပြည့်နေ့ထူးနေ့မြတ်တွင် 'တရားဦးဓမ္မစကြာ' ဟောကြားချီးမြှင့်တော်မူသည်။ 'သန္ဓေတောထွက်၊ ဓမ္မစက်၊ ဟောမြွက်ခါကို လဝါဆို' ဟူ၍ ဆိုစမှတ်ပြုကြသည်။

ဝါဆိုလပြည့်၏ ထူးခြားဂုဏ်ရည်တို့က သံဃာတော်များကို မိုးတွင်းကာလတွင် လယ်တောယာတောကို ကျော်ဖြတ်မသွားရန် စိုက်ပျိုးသီနှံများ မပျက်စီးစေရန် ဝါဆိုဝါကပ်ပြုကြရသည်။ မိမိသီတင်းသုံးရာ ကျောင်းပရိဝုဏ်မှာ အမြဲနေထိုင်သီတင်းသုံးကြရသည်။ ရပ်ဝေးဒေသသို့ ညအိပ်ညနေ မသွားလာရပါ။ အကြောင်းတစ်စုံတစ်ခုကြောင့် သွားလာရပါက သီတင်းသုံးဖော်များထံ ဝါပန်ခွင့်ပန်ကြရာ သုံးရက်သွားလာခွင့်ပြုသည်။ ခရီးစဉ်အရ သုံးရက်ကျော်လွန်သော ခရီးသွားရဟန်းသည် အာပတ်သင့်သည်။ အပြစ်ရှိသည်။ ဝိနည်းသိက္ခာအရ အာပတ်သင့်က ဝါပျက်ခံကြရသည်။ ထို့ကြောင့် ဝါတွင်းကာလ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများကို ကျောင်းတိုက်ပြင်ပမထွက်ခွာဘဲ သီလဆောက်တည်ရသည်။

ဝါဆိုဝါကပ်ကြသော ရဟန်းသံဃာတော်တို့အား သဒ္ဓါကြည်လင် ပါရမီရှင် ပစ္စည်းလေးပါး ဒါယကာတို့က စေတနာသုံးတန်ပြဋ္ဌာန်း၍ ကျောင်းသင်္ကန်းဆေးဝါး ဆွမ်းအာဟာရတို့ကို လှူဒါန်းကြသည်။ ဆယ့်နှစ်လရာသီပွဲတွင် ဝါဆိုဓလေ့ ဝါဆိုလှူဒါနက မြန်မာမှုနယ်ပယ်တွင် ချစ်စရာကောင်းသော ထုံးစံဓလေ့တစ်ခုဖြစ်သည်။

ရွာဦးကျောင်းမှ ဆရာတော်၊ သံဃာတော် သာသနာ့ဝန်ထမ်း ရဟန်းသံဃာများက ဝိနည်းသိက္ခာ၊ ဝါစဉ်အရ ၂၂၇ သွယ်သော သိက္ခာ၊ အကျယ်ချဲ့က ကုဋေပေါင်း ၉၁၈၀ ကျော်အား ဇာမဏီသားကောင်၏ ကျင့်စဉ်ကျင့်ထုံးကဲ့သို့ လေးစားလိုက်နာကျင့်ကြံတော်မူကြသည်။ အသက်နှင့်ထပ်တူ ဝိနည်းသိက္ခာကို လေးစားကြည်ညိုကြသည်။ ဝါတွင်းကာလအတွင်း သံဃာတော်အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လှူဒါန်းထောက်ပံ့ကြပြီး ရပ်ကွက်၊ ကျေးရွာတွင်း သီတင်းသုံးတော်မူကြသော ဝါဆိုသံဃာများအား စုပေါင်း၍ ဘုံဆွမ်းလောင်းလှူကြသည်။ စာရေးတံမဲချ၍ လှူဒါန်းကြသည်။ တစ်ဦးချင်းအလှူရှင်၊ စုပေါင်းအလှူရှင်၊ တိုက်တာတွင် သီတင်းသုံးတော်မူကြသော သံဃာ၊ ရဟန်း၊ ရှင်သာမဏေတို့အား ပစ္စည်းလေးပါး ကုသိုလ်ပါဝင်လှူဒါန်းကြသည်။ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ ဆန်၊ ဆီ၊ အသုံးအဆောင်မျိုးစုံ၊ ဆေးပစ္စည်းလှူဒါန်းခြင်းကို စာသင်တိုက်အလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက်၊ မြို့အလိုက် ဆက်ကပ်လှူဒါန်းကြသော မြင်ကွင်းကား ကြည်ညိုသဒ္ဓါပွားစရာပင်။

ကိစ္စမြားမြောင် လူတို့ဘောင်မှာ ဝါတွင်းသုံးလအတွင်း မင်္ဂလာဆောင်ခြင်းအမှုကို ခွင့်မပြုပါ။ ယုတ်ညံ့သော လောကီမင်္ဂလာဆောင်ခြင်း၊ တစ်အိုးတစ်အိမ်ထူထောင်ခြင်း၊ အဟိတ်တိရစ္ဆာန် ကျေးငှက်များပင် အသိုက်အအုံ ပြောင်းရွှေ့ခြင်း၊ လူသားတို့က တစ်အိုးတစ်အိမ်အိမ်ခွဲနေထိုင်မှု လူမှုကိစ္စလုပ်ဆောင်ခွင့်ပင် မရပါ။ ခွင့်မပြုပါ။ ဥပုသ်သီတင်းဆောက်တည်ခြင်းကိုသာ ရိုးရာယူဆချက်အရ ပြုကျင့်ကြရသည်။

ထက်ကောင်းကင် ကြည်ပြာရောင် တိမ်တိုက်မှာ နတ်စည်တီးသံက မြည်ဟည်းထွက်ပေါ်သည်။ ဝန်းကျင်မှာ လျှပ်ပန်း လျှပ်နွယ်တို့က ပြိုးပြိုးပြက် ရောင်စုံလင်းလက်နေသည်က လမြတ်ဝါဆို၏ သဘာဝအလှပင်ဖြစ်သည်။

ကမ္ဘာမြေထု မဟာပထဝီ မြေပြင်ပေါ်သို့ ပုလဲရည်မိုးစက်တို့က ဖျန်းပက်သည်။ ပန်းဥယျာဉ်မှာ မိုးရည်မိုးစက်တို့ သောက်သုံးရသော မိကျောင်းပန်းတို့က ရာသီပွင့်လန်း လန်းဆန်းဝေဖြာသည်။

'လဝါဆိုပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး' ဟု ဆိုရိုးပြုကြသည်။ ခံစားစာဖွဲ့ကြသည်။ ပုန်းညက်ပန်းမာလာတို့အား ဖူးပွင့်ကြသည်။ မြလေးရုံတောစပ်မှ ပန်းရနံ့က တသင်းသင်းကြိုင်လှိုင်နေသည်။

ဝါဆိုပန်းကပ်အဖွဲ့ လူငယ်ကျေးလက်ပျိုဖြူမောင်မယ်တို့ တစ်စုက တောစပ်မှာ ပန်းဆွတ်ရန် ပန်းခင်းသွားကြသည်မှာ ပျော်ရွှင်ကြည်နူးစရာပင်။ ပရဟိတလူငယ် မင်္ဂလာမောင်မယ်တို့က ရွာဦးကျောင်းမှာ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းဆက်ကပ်လှူဒါန်းပွဲက ချစ်စရာပင်။ 'ရာသီမသိ ပန်းနှင့်ညို' မြတ်လေးနှင့် ပုန်းညက်တို့ သင်းကြိုင်လှိုင်ပြီ။

ရှေးစာဆိုတော်အချို့က 'ဝါဆိုဝါခေါင် ရေဖောင်ဖောင်' ဆိုစကားဖြင့် မိုးဖြိုင်ဖြိုင်ကျသော လတွင်း ထက်ကောင်းကင်ပြာမှာ ဥတ္တရာသဠ်နက္ခတ်နှင့် စန်းယှဉ်ပြည့်သည်ဟူ၍ ယူဆသည်။ ရာသီရပ်မှာ ပုစွန်လုံး ဂဏန်းသတ္တဝါပုံဖြစ်သည်။ ပွင့်ဖူးသောရာသီပန်းက ပုန်းညက်ဖြစ်ရာ 'ဖူးခေါင်ညှာညွှတ်၊ ပွင့်ဖတ်ရက်သုံး၊ ပိတုန်းကုပ်ထို၊ မရှည်လို၊ မယ်ညို ----- တဝဲဝဲ' ဟူ၍ ဦးတိုး၏ ရာမကန်က မယ်ညိုငှက်ကို သရုပ်ဖော်ထားသည်။

မယ်ညိုငှက်က ဝါဆိုလမှာ အသိုက်ဆောက်လုပ်ကြသည်။ ဥ- ဥကြ၍ သားပေါက်ကြသည်။ အသိုက်ကို ရေတွင်ပေါ်နေသော ချုံတွင်း ဆောက်လုပ်သည်။ အအုပ်အသင်းဖွဲ့၍ ကိုင်းတောများအကြားမှာ အစာရှာကြသည်။ မယ်ညိုငှက်သည် ဝါဆိုလ၏ ထူးခြားသော ငှက်ကလေးပင်ဖြစ်သည်။

ဝါဆိုလအနက်အဓိပ္ပာယ်ကို ကြံဆရာတွင် ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် 'ဝါဆို' ဟူသော ဝေါဟာရမှာ ပုဂံပြည် အနော်ရထာမင်းလက်ထက် ပရိယတ္တိသာသနာ စာပေကျမ်းဂန်ရောက်ရှိ၍ ရဟန်းသံဃာ ဝါဆိုဝါကပ်ပြုတော်မူသောကြောင့် 'ဝါဆို' လဟူ၍ ခေါ်ဝေါ်သည်။ ပုဂံခေတ် ထိုကျောက်စာမှာ 'ဝါဆို၊ ဝါခေါင်၊ ဝါကျွတ်' ဟူသော အခေါ်အဝေါ်ကို တွေ့ရသည်။

ထေရဝါဒဓမ္မအေးရိပ်အောက်မှာ မြန်မာဓလေ့ထုံးတမ်းအရ ဝါဆိုလတွင် ပဋ္ဌာန်းတော်ခံပွဲ ဆင်ယင်ကျင်းပကြသည်။ မြန်မာ့နန်းတွင်းဓလေ့ထုံးစံအရ ရွှေနန်းသခင် ရွှေနန်းရှင်တို့က ဝဲ၊ ယာခံစား မိဖုရားများနှင့်အတူတကွ သားတော်၊ သမီးတော်တို့ ခြံရံ၍ ရတနာသုံးပါးကို ပူဇော်မြဲ ကျင်းပကြသည်။

'ဆင်းတာရာဝယ်၊ ရာသီကရကင့်၊ နရီနှာလဲ၊ ညာထောင်နတ်နှင့်၊ မြတ်ကယ်နိဗ္ဗူ၊ အောင်ဆုယူလို့၊ ရှစ်ဖြူရိပ်စံ၊ ပဋ္ဌာန်းတော်ခံသောအခါ၊ ပုန်းညက်ညို၊ မာလာမင်းက၊ သင်းလှတယ်လေး' ဟူ၍ အတုလမင်းကြီးက ခံစားရေးဖွဲ့သည်။

'ဝါဆို' ဟူသော ဝေါဟာရက 'ဝါ' သည် ပါဠိစကား 'ဝါသ' မှ ဆင်းသက်၍ 'နေခြင်း' ဟု အနက်ရသည်။ 'ဆို' မှာ 'ရွတ်ဆိုခြင်း' ဖြစ်သည်။ 'ဝါဆို' အနက်က 'နေထိုင်ခြင်း' ကို ရွတ်ဆိုသည်ဟူ၍ ညွှန်းသည်။ 'ဝါတွင်းသုံးလကြာ တစ်ရပ်တစ်ဒေသသို့ မသွားရောက်ဘဲ တစ်ကျောင်းတစ်နေရာမှာ နေထိုင်သီတင်းသုံးပါမည်ဟူ၍ ရွတ်ဆိုအဓိဋ္ဌာန်ပြုကြသည်။

ရှေးက ဝါဆိုလကို 'မြွယ်တာလ၊ နွယ်ကာလ၊ နွေတာလ' ဟူ၍ ခေါ်ဆိုသည်။ 'နွေးနွယ်' က 'ဂိမှာန နွေရာသီ' ကိုဆိုလို၍ 'တာ' 'က' အပိုင်းအခြား၊ အကူးအပြောင်း' ကို ညွှန်းသည်။ 'မြွယ်= မလွယ်=လယ်မြေ။ တာ-တိုင်းတာ။ လယ်ယာမြေကို တိုင်းတာသောလဖြစ်သည်။

ဝါဆိုလသည် ရက်ပေါင်း ၃၀ နာရီအားဖြင့် နေ့ ၃၆ နာရီ၊ ညဥ့် ၂၄ နာရီ၊ နေ့တာရှည်၍ ညဥ့်တာတိုသည်။

ခေတ်အဆက်ဆက် စာဆိုတော်များမြင်သော ဝါဆိုလသည် ထူးခြားသော မြတ်ဗုဒ္ဓ၏ ပုံရိပ်တော်များဖြင့် ခြံရံနေသည်။ ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓဘုရားအလောင်းတော် ပဋိသန္ဓေတည်တော်မူသောနေ့ နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ သံဝေဂရပြီး တောထွက်တော်မူသောနေ့ ဘုရားအဖြစ်သို့ ရောက်ရှိပြီး ဓမ္မစကြာတရားဦးကို ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဟောကြားတော်မူသောနေ့၊ တိတ္ထိသင်းကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့တို့ဖြစ်ခြင်းကြောင့် ထူးမြတ်သောနေ့ဖြစ်သည်။

စာဆိုတော်များက ဆယ့်နှစ်လရာသီ၏ ဂုဏ်ကျက်သရေကို ခံစားဖွဲ့ဆိုရာတွင် ဝါဆိုလ၏ ဂုဏ်ဝိသေသက ပို၍ ထူးခြားသည်။ ကဗျာဉာဏ်ရည် ကွန့်မြူးသောစာစုဖြစ်သည်။

စာဆို ဦးယာ၏ အဖြည့်ခံရတု ဝါဆိုလဖွဲ့တွင် 'ကောင်းမြတ်စည်သူ၊ ဖောင်ဝေလှူနှင့်၊ ဓမ္မူသိမ်းစ၊ နိုင်ငံပြုတွင်၊ နတ်ကုဝေရော်၊ မြတ်ရှိန်စော်ကြောင့်၊ ဘုန်းတော်တောက်ပ၊ တည်ခဲ့ရသည်၊ သုံးရွာပရမေ၊ ကမ်းယံနေ၍၊ နွေလည်းမပြောင်း၊ ဆောင်းလည်းမပျို၊ မိုးလည်းမကူ ဆွဆွဖြူသည် သုံးဆူပင်မြင့်ပေါ်တွင်ပွင့်သည်၊ ငါးဆင့်ပန်းခိုင်၊ လက်ဆောင်လှိုင်နှင့်၊ လျှောက်တိုင်ဝံ့ပါ၊ မိုးလုံးဖြာသည့်၊ ဒေဝါစက်ဦး၊ လတွင်သော်ဝ်' ဟု ရေးဖွဲ့ သည်။

ဝါဆိုလ လူးတားကဗျာ တစ်ဆယ့်နှစ်ရာသီဘွဲ့တွင် စာဆိုဦးယာက 'ရာသီဇယ၊ ဝါဆိုလဟု၊ မိုင်းမြရီမှောင်၊ လျှပ်ရောင်ပြိုးပြက်၊ မည်းနက်ဖြူပြာ၊ ခိုးမိလ္လာနှင့်၊ စိမ်းဝါနီပြောင်၊ ရွာသွန်းဆောင်၍၊ သဲသောင်ရေသွယ်၊ ရှယ်၍မြစ်ကမ်း၊ ဖြည့်တင်းကျမ်းနှင့်၊ လွှမ်း၍မအီ သည်ရာသီတွင်' ဟူ၍ လွမ်းဆွေးဖွယ်ရေးဖွဲ့သည်။

လှူဦးမင်း၏ ဝါဆိုလဘွဲ့ လေးချိုးတွင် 'သံဝါဦးပေမို့၊ စံကြူငယ်လနောင်မှာ၊ မြအရောင်နယ်လအလုံးကခြယ်ရံ၊ ဆင်သစ်လို့ ကြင်ချစ်ဖော်တွေ ကျွမ်းသူတို့ ပွေလွမ်းပုံ' ဟူ၍ ရေးဖွဲ့သည်။

စာဆို ဦးကြော့၏ ဝါဆိုလဘွဲ့တေးထပ်တွင် 'ပြုဗ္ဗာသဠ်၊ တည့်မွန်းနှင့် လည့်ထွန်းလှည့်ကြုံလှာ၊ ပြည်ဝန်းသည်၊ ပုဏ္ဏမာငယ်၊ ကုဋ္ဌရာပုံ့ပျူး၊ ထွက်သုံးလှူ မိဂဒါဝယ်၊ ဓမ္မစကြာဟောရလထူး' ဟူ၍ ခံစားသီကုံးသည်။

ကင်းဝန်မင်းကြီး၏ ဝါဆိုလဖွဲ့ သံပေါက်တွင် 'ဝါဆိုကရကင့်လပြာသာဒ်၊ တည့်မတ်အာသဠ်၊ ပုန်းညက်ငုံကင်း၊ ဓမ္မိသင်း၊ ပဋ္ဌာန်းခါတော်မှီ' ဟူ၍ ဖွဲ့ဆိုသည်။

(ဆက်လက်ဖော်ပြပါမည်)

ထွေးငယ်(မန်းတက္ကသိုလ်)

# အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မကွေး ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်း ဆေးပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မကွေးမြို့၊ မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဒေါ်နွယ်နီနိုင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်အိအိထွန်း၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်ကြားပေးမည့် ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူးက သင်တန်းတွင် ပို့ချမည့်သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မကွေးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကက သင်တန်းဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးပါသော မိမိဇင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အခမ်းအနားအတွင်းခင် ကျင်းပြသထားသော တိုင်းရင်းဆေးဝါးများအား လေ့လာကြည့်ရှုခဲ့ကြသည်။ အဆိုပါ သင်တန်းကို ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ ၃ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်တွင် အမျိုးသား၊ အမျိုးသမီး အခြေပြုအကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ဆောင်ရွက်

**မြို့သစ် ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အမျိုးသား၊ အမျိုးသမီး အခြေပြုအကြမ်းဖက်မှုနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အမျိုးသား၊ အမျိုးသမီး အခြေပြုအကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Comm - unity Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ (Talk Show) တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်နှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနုဝေတို့က အမျိုးသား၊ အမျိုးသမီး အခြေပြုအကြမ်းဖက်မှု၏အဓိပ္ပာယ်၊ အကြမ်းဖက်မှုအမျိုးအစားများ၊ အကြမ်းဖက်မှုဖြစ်ပွားရသည့်အကြောင်းအရင်းများ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရပါက ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များ၊ အကြမ်းဖက်မှုများဖြစ်ပွားပါက တိုင်ကြားနိုင်သောနေရာများ၊ အမျိုးသား၊ အမျိုးသမီး အခြေပြုအကြမ်းဖက်ခံရပါက လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများအကြောင်း အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။



(ယာပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

# စာပတ်ရှိန်မြှင့်တင်ရေး လှူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဇွန် ၂၄**

လူငယ်ကဏ္ဍကိုမြှင့်တင်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်လွှန်းနန်းထွေးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ လက်ထောက်ဦးစီးမှူး ဒေါ်သူဇာဝင်းက ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့ပြီး ခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်စုဝေဖြိုးက မီးဘေးအန္တရာယ်လုံခြုံရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**သွေးသွေး ခရိုင်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ဝါဆိုခြင်းအလှစက်ပွဲ ခြိမ့်ခြိမ့်သဲ ဘုရားကြီးမှာ ကျင်းပမြဲ

* တို့များအရွယ်
ငယ်ကတည်းက၊ စွဲမက်ရသည့်
မြန်မာ့ရိုးရာ၊ ဆက်ခံပါသော
ဝါဆို "ခြင်း" ပွဲ၊ ခြိမ့်ခြိမ့်သဲကို
ဆင်နွှဲမပျက်၊ ပွဲတော်ရက်မှာ
မဖျက်စဉ်လာ၊ ကျင်းပပါမည်
ခုခါရာပြည့် - သို့ဦးတည်။
ကိုးဆယ့်ရှစ်ကြိမ် - တိုင်ခဲ့ပြီ။
မဟာမုနိ ခြင်းရာသီ။ ။

* နှစ်များကြာရှည် - - -
လာသည်နှင့်မျှ၊ သင်း တိုင်းမှလည်း
အလှပညာ၊ ပြည့်ဝလာလို့
ရိုးရာမပျောက်၊ ခြင်းပေါက်"သုံးဆယ်"
ဘယ်,ညာလှုပ်ရှား၊ ဒူး,ခြေဖျားနှင့်
ဖဝါး,ဖမျက်၊ ဖနောင့်စွက်လို့
"ခြောက်ချက်"အထိ၊ ခြေခွင်မိစေ
"မုနိမြေ"ပေါ်၊ "ခြင်း"ကွက်ဖော်ကာ
ပူဇော်အလှ၊ ခြင်း စွမ်းပြမည်
မြင်ရစိတ်တွင် - သောကစင်။
"ကိုးရာ"အသင်း - စာရင်းဝင်။
မုနိရှင်တော် - မြတ်ဂုဏ်အင်။ ။

* မုနိမြတ်ရှင် - - -
ဦးတင်ကော်ရော်၊ "ခြင်း"ကွက်ဖော်လို့
ပူဇော်ခတ်ပြ၊ လာရောက်မှလျှင်
ပြည့်ဝထင်ပေါ်၊ ပွဲတိုင်းကျော်လို့
ခေါင်းမော်ရင်ကြွ၊ နေနိုင်ကြမို့
အလှကစား၊ ဆိုကြပြားလည်း
အားထည့်မာန်ဝင်၊ အားကုန်နှင်မည်
ပြည်ခွင်တိုင်းလုံး - ကျော်မည့်ဟန်။
မြတ်ရှင်မုနိ - သဒ္ဒါမှန်။ ။

* ဩော် - - -
မဟာမုနိ၊ အများသိတည့်
သက်ရှိထင်ရှား၊ နေအလားမို့
နေထားစုံမှ၊ ဖူးရောက်ကြလို့
တောင့်တလိုရာ၊ ဆုပန်ပါရင်း
ခွင့်ခါကြုံကြိုက်၊ သည်အခိုက်မှာ
နှစ်ခြိုက်ဖွယ်ရာ၊ "ခြင်း"ပညာကို
ဝင်ကာလေ့လာ၊ အားပေးပါဟု
ရိုးရာထက်သန်၊ စိတ်ရင်းမှန်ဖြင့်
အကြံပြုကာ၊ ဖိတ်ခေါ်ပါသည်
မဟာမုနိ - ခြင်းပွဲတော်။
ရိုးရာအလှ - ခတ်ပူဇော်။ ။

**မြတ်ထွဏ်းနောင်**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေးဝ-ယာကြီး-မုံရွာသို့ ဆက်သွယ်ထားသည့်လမ်းကြောင်းအား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၄

တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းပိုင်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်း တစ်လျှောက်အား ပြန်လည် ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေး အတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး စစ်ကြောင်းများခွဲကာ ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်မှစတင်၍ နယ်မြေလုံခြုံရေး လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ဇွန် ၂ ရက်တွင် ရေလယ်ကျွန်းကျေးရွာ အားလည်းကောင်း၊ ဇွန် ၃ ရက်တွင် ကျောက်လုံးကြီး တဲစုကျေးရွာ

စာမျက်နှာ ၁၀ သို့ ◆




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေးဝ-ယာကြီး-မုံရွာ ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှုနေရာပြပုံ။

# မြန်မာ့လက်ရွေးစင် Esports အားကစားအသင်း ဂျပန်နိုင်ငံ၌ ကျင်းပမည့် အာရှအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်(MESF)၏ ကြီးကြပ်မှုဖြင့် နိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် Esportsအသင်း (Team Zanaka)သည် ဇွန် ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲအကြို ဒေသတွင်းခြေစစ်ပွဲများ(20th Asian Games Aichi-Nagoya 2026 Regional Qualifiers)တွင် အာရှမှ ထိပ်သီးအင်အားကြီးနိုင်ငံများကို ရင်ဆိုင်ကျော်ဖြတ်ကာ ပြိုင်ပွဲဝင်ကစားနည်း ငါးခုစလုံးတွင် အာရှအားကစားပွဲတော်သို့ တက်ရောက်ခွင့်ရရှိကြောင်း သိရသည်။

စာမျက်နှာ ၁၀ သို့ ○

## မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၂၄

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ



# ရှရိုးဒါကို ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းခေါ်ယူ

မက်ဒရစ် ဇွန် ၂၄

ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းသည် အမျိုးသမီးဘောလုံးသမိုင်းတွင် အမြင့်ဆုံးပြောင်းရွှေ့ကြေးဖြင့် ဆွီဒင်ကလပ် BK Hacken အသင်းတိုက်စစ်မှူး ရှရိုးဒါကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ် အမျိုးသမီးအသင်းနှင့်အတူ ၂၀၃၀ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ရှရိုးဒါသည် BK Hacken အသင်းနှင့်အတူ ၁၂၈ပွဲကစားကာ ၉၁ဂိုး သွင်းယူခဲ့ပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (NGB)

# ပန်းတောင်းမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၄ သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၄

ပန်းတောင်းမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၄ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၅ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာအနီး ပြည်-ဥသျှစ်ပင်သွား ကားလမ်းတွင် ကိုကိုလွင်(ခ)ကိုကြီး မောင်းနှင်လာသော MITSUBISHI အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၄ သိန်း ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၁၀ သို့ ❖




ပြစ်မှုကျူးလွန်သူ ကိုကိုလွင်(ခ)ကိုကြီးအား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန် အသင်းတို့ တစ်ပက်တစ်ဂိုးစီဖြင့် သရေကျ

ရန်ကုန် ဇွန် ၂၄

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ပဒုမ္မာကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ယနေ့ပွဲတွင် နှစ်သင်းစလုံးမှ အဓိက ကစားသမားအများစုဖြင့်သာ ပွဲထွက်လာခဲ့ကြသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ဂိုးကန်သွင်းခွင့်အကြိမ်အရေ ပိုမိုရခဲ့ပြီး သစ္စာအားမာန် အသင်းမှလည်း တန်ပြန်တိုက်စစ်များဖြင့် ပြန်လည် တုံ့ပြန်ခဲ့သည်။ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေ ရလဒ်သာထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မိနစ် ၈၀ အထိ ဂိုးမရှိ သရေကျနေပြီး ပွဲချိန် ၈၃ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းက ဦးဆောင်ဂိုးစတင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို နန္ဒမေသဇင်က ပိတ်သွင်းယူပေးခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် လက်ကျန်မိနစ်များတွင် အနိုင်ရလဒ်ထိန်းကစားရင်း နိုင်ပွဲစတင်ရရှိရန် နီးစပ်ခဲ့သော်လည်း နာကျင်အချိန်ပို ၉၀+၂ မိနစ်တွင် ချေပဂိုးခွင့်ပြုခဲ့ရသည်။ သစ္စာအားမာန်အသင်းအတွက် ချေပဂိုးကို ဝင်းဝင်းက သွင်းပေးခဲ့သည်။ ထို့ကြောင့် ပွဲအပြီးတွင် တစ်ဂိုးစီ သရေဖြင့် ပြီးဆုံးခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန် အသင်းတို့ပွဲစဉ်တွင် AYA Pay player of the Match အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်း ကွင်းလယ်ကစားသမား ဝင်းဝင်းက ဆွတ်ခူးရရှိခဲ့သည်။

နိုင်ကမ္ဘာ

၀-၀-၀-၀

